ကြေးမုံ

The Mirror

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (24-3-2004) (၄၁၈၅)

သုဘာသိတာ စ ယာဝါစာ တေံ မင်္ဂလ မုတ္တမံ။

ချိုသာစွာ ပြောဆိုခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လျက်ရှိ

တပ်မတော်အစိုးရဟာ နိုင်ငံတော်တာဝန်ကို ယူလိုက်ရတာနဲ့ ချက်ချင်းဆိုသလို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီး ကိုယ့်တိုင်းရင်းသားတွေရဲ့ စီးပွားရေးနဲ့ လူမှုရေးမြင့်မားဖို့ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့တယ်။ တစ်ဆက်တည်းမှာပဲ မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးအတွက်လည်း လက်နှေးခြင်းမရှိဘဲ အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့်လည်း ယနေ့ကာလမှာ အေးချမ်းတည်ငြိမ်နေပြီဖြစ်တဲ့ နယ်စပ်ဒေသတွေဟာ နေ့ချင်းညချင်းအံ့သြလောက်အောင် ဖွံ့ဖြိုးတိုးတက်နေကြပြီဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၈)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

(၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆–၃–၂၀၀၄ မှ ၄–၄–၂၀၀၄)

မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ တော်လှန်ရေးပန်းခြံအတွင်း ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းများ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက်ပိုင်းတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ တော်လှန်ရေးပန်းခြံအတွင်း ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

P65 1 3/24/04, 12:27 AM

ကြေးမုံ The Mirror

၂၄-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ညီညီညွတ်ညွတ် ဦးထမ်းပွဲထမ်း ကြိုးပမ်းဆောင်ရွက်

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုတွင် လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့သည်နှင့်အမျှ ထိုနိုင်ငံ၊ ထိုဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရသည်။ ဒေသဖွံ့ဖြိုးမှုနှင့်အတူ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းသည်လည်း တစ်ပါတည်း မြင့်မားတိုးတက်လာလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုတစ်ဝန်း ရေကြောမြေကြောများကို တစ်ဆက်တစ်စပ်တည်းဖြစ်ပေါ်လာစေပြီး တိုင်းရင်းသား အချင်းချင်း ထိတွေ့ဆက်ဆံမှု ပိုမိုများပြားလာစေရန် လိုအပ်သည့် လမ်းများ၊ တံတားများကို တည်ဆောက်ပေးလျက်ရှိသည့်အပြင် ပြည်တွင်း၊ ပြည်ပ လေကြောင်းဆက်သွယ်ရေး လွယ်ကူလျင်မြန်စေရန် လေယာဉ်ကွင်းအဟောင်းများကို အဆင့်မြှင့်တင်ခြင်း၊ လေယာဉ်ကွင်းအသစ်များ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယခင်က မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ လေကြောင်းဖြင့် ဆက်သွယ်သွားလာရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုတည်းသာ ရှိခဲ့သည်။ ယခုအခါ နိုင်ငံတကာအဆင့်မီ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် လေကြောင်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာရေးအတွက် လေဆိပ်များကို အဆင့်မြှင့်တင်တည်ဆောက်ရှိသည်။

အဆင့်မြှင့်တည်ဆောက်ပြီးဖြစ်သည့် မကွေးလေဆိပ်ကို ၂၀၀၃ ခုနှစ် ဇွန်လ ၆ ရက်နေ့၊ ဟုမ္မလင်းလေဆိပ်ကို ဩဂုတ်လ ၃ ရက်နေ့၊ ပုသိမ်လေဆိပ်ကို ၂၀၀၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တို့တွင် အသီးသီး ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။

ယခုတစ်ဖန် စစ်ကိုင်းတိုင်း မုံရွာမြို့တွင် တည်ဆောက်ပြီးစီးသွားသည့် မုံရွာလေဆိပ်ကို မတ်လ ၂၁ ရက်နေ့က ထပ်မံဖွင့်လှစ်ခဲ့သည်။ မုံရွာလေဆိပ် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးပြီး နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် **နိုင်ငံတော်အစိုးရသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးပြီး လိုအပ်သည်များကို ပံ့ပိုးကူညီအထောက်အကူသာ ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်ဖော်ဆောင်နိုင်သည့် အင်အားစုမှာ ဒေသ၌ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများနှင့် တပ်မတော်သားများပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ညီညီညွတ်ညွတ် ဦးပုံထမ်းပြီး တကယ်အားထုတ် အလုပ်လုပ်နိုင်မှသာ နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း** ပြောကြားခဲ့သည်။

မုံရွာမြို့သည် မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းတွင်ရှိပြီး စက်မှုလက်မှုထွန်းကားသည့် စီးပွားရေးအရ အချက်အချာကျသော မြို့ကြီးတစ်မြို့ဖြစ်သည်။ ယခုအခါ ဘိုးရင်း ၇၃၇-၄၀၀ အမျိုးအစား ဂျက်လေယာဉ်ကြီးများအထိ ဆင်းတက်နိုင်သည့် မုံရွာလေဆိပ်ကို ဖွင့်လှစ်လိုက်ပြီဖြစ်ရာ နယ်မြေဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာရေးနှင့် ပြည်တွင်း၊ ပြည်ပ လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့ရေးတို့ကို ပိုမိုအထောက်အကူပြုလျက်ရှိသည်။

နိုင်ငံတော်အစိုးရက စစ်ကိုင်းတိုင်းအတွင်း လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် တည်ဆောက်ဖြည့်ဆည်းပေးရင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် အခြေခံအဆောက်အအုံများစွာကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် အကြီးဆုံး ဆည်ကြီးဖြစ်သည့် သဖန်းဆိပ်ဘက်စုံရေလှောင်တမံ အပါအဝင် ဆည်တမံလုပ်ငန်းပေါင်း ၂၈ခုကို စစ်ကိုင်းတိုင်းအတွင်း တည်ဆောက်ခဲ့သည်။

ယင်းကဲ့သို့ ဆည်တမံများကို တည်ဆောက်ပေးနိုင်ခဲ့သဖြင့် စိုက်ပျိုးမြေဧကများစွာတွင် စိုက်ပျိုးရေများရရှိပြီး သီးထပ်များ တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ စစ်ကိုင်းတိုင်း၏ စိုက်ပျိုးမြေဧရိယာမှာ ယခင်က ၂၈ သိန်းခန့်ရှိရာမှ ယခုအခါ စိုက်ပျိုးမြေဧက ၃၉ သိန်းကျော်အထိ တိုးတက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက မွန်မြတ်သောစေတနာဖြင့် ဖန်တီးပေးထားသော အခြေခံကောင်းများကို စနစ်တကျ အသုံးပြု၍ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ညီညီညွတ်ညွတ် ဦးထမ်းပွဲထမ်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဓမ္မဒူတတရားပွဲ

ရန်ကုန် မတ် ၂၃

ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ပဋ္ဌိပတ္တိမဟာဌာန(ဝိပဿနာ)ကထိက ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်၏ တရားပွဲနှင့် (၃၇)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်ကို သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် ပြည်တော်အေးလမ်း နှစ်ကျိပ်ရှစ်ဆူ မဏ္ဍပ်၌ ကျင်းပမည်ဖြစ်ရာ မတ် ၂၅ ရက် ည ၈ နာရီခွဲတွင် အထူးတရားပွဲကို ဟောကြားတော်မူမည်ဖြစ်သည်။

(က-ပ)

ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

ရန်ကုန် မတ် ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးအေးအား ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။

(သတင်းစဉ်)

အောင်ဇေယျစစ်ကြောင်းသို့ ကြက်ဥနှင့်သားငါးဝယ်ရန် အလှူငွေပေးအပ်

ရန်ကုန် မတ် ၂၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အောင်ဇေယျစစ်ကြောင်းမှ တပ်မတော်သားများအား အင်အားဖြည့် ကျွေးမွေးရန်အတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁နာရီခွဲတွင် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း အောင်ဇေယျစစ်ကြောင်းရုံး၌ကျင်းပရာ အောင်ဇေယျစစ်ကြောင်းမှူး ဗိုလ်မှူးကြီး တင့်ဝေထံသို့ အောင်ရည်ဖြိုး ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးနေအောင်-ဒေါ်ခင်မိုးညွန့်မိသားစုတို့က ကြက်ဥအလုံး ၆၃၀၀နှင့် အသားငါးပိဿာ ၁၂၆၀အတွက် အလှူငွေကျပ် ၂၃သိန်း ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ စစ်ကြောင်းမှ အရာရှိ၊ စစ်သည်များ၊ အလှူရှင်မိသားစုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြုကဗျာ

ယောက်ျားတံခွန် လူရည်ချွန်

☆ “ ဘုရင့်သမီး၊ သခင်ကြီး ”တဲ့
ဘုန်းမီးနေလ၊ ထွန်းတောက်ပသည့်
ရာဇသည်းချာ၊ နန်းကလျာကို
လှမ်းကာအပြိုင်၊ ဘယ်သူဆိုင်အံ့
ချစ်ပိုင်ဆက်ရာ၊ ချစ်သက်လျာကို
သည်းညှာနုနု၊ ကျွမ်းကြွေလုမျှ
ချစ်သူ့ဖခင်၊ ရွှေနန်းရှင်က
ငြိုငြင်သော်လဲ(လည်း)၊ အချစ်ဖွဲ့ဖြင့်
ရဲစွာဆွတ်ခူး၊ အချစ်ဦးမို့
ချစ်ဖူးသည့် အသည်း၊ မပျက်စွဲသည်
ချစ်ပွဲအောင်နိုင်ခဲ့သည်တကား။

☆ အချစ်ပန်းခိုင်၊ ဆွတ်လှမ်းနိုင်သို့
စစ်အစွမ်းပြိုင်၊ ရန်ချင်းဆိုင်သော်
နိုင်သည် ရှုံးသည်၊ ထိုနှစ်လီကို
စစ်သည်အင်အား၊ နည်းအများနှင့်
ကြောင်းလျားသင့်မြတ်၊ မဆက်စပ်ဘဲ
စိတ်ဓာတ်သည်သာ၊ အခရာဟု
နောင်လာမြေးမြစ်၊ ပြောထုံးဖြစ်အောင်
မျိုးချစ်မာန်ဖွဲ့၊ သူ့တွင်ကဲသည်
စစ်လဲ(လည်း)အောင်နိုင်ခဲ့သည်တကား။

☆ ဩော်... ချစ်နှလုံးသား၊ သိမ်မွေ့ငြားလည်း
စစ်နှလုံးသား၊ ရဲရင့်ကြွား၏
ယောက်ျားတံခွန်၊ လူရည်ချွန်ဟု
မွန်မြတ်တွေးချင့်၊ စံပြုသင့်၏
ဘုရင့်နောင်ကား၊ သားမြေးများတို့
လေးစားအပ်သူ၊ မြင့်မြတ်သူပင်
ချစ်သူကိုလဲ(လည်း)၊ အချစ်ဖွဲ့ဖြင့်
ရဲရဲချစ်ခဲ့သူပါတကား...။
တိုင်းပြည်ကိုလဲ၊ အချစ်ဖွဲ့ဖြင့်
ရဲရဲချစ်ခဲ့သူပါတကား...။
ချစ်တတ်သူတို့ နှလုံးသား၊
မြတ်နိုးဂုဏ်ယူဖွယ်ပါတကား။ ။

ခွန်ရဲသွေး(အေးသာယာ)

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်သို့ ငွေကျပ် ၂၂၁၃၀၄၀တန်ဖိုးရှိ ကွန်ပျူတာခြောက်စုံ ပေးအပ်လှူဒါန်းပွဲကို မတ် ၈ရက်ကကျင်းပရာ အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း)-ဒေါ်နန်းယဉ်ယဉ် (စိုးစံလေ့ကျင့်ရေးစခန်း) တို့က ပါမောက္ခချုပ် ဗိုလ်မှူးချုပ် မင်းအောင်လှိုင်ထံ လှူဒါန်းပစ္စည်းများကို ပေးအပ်စဉ်။ (က-ပ)

ကျွန်းလေးတောင် အောင်စေတီတော် ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

ရန်ကုန် မတ် ၂၃

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းတိုက်နယ် ဆံတော်ရှင် ကေလာသတောင်၏ တောင်ဘက်အနီး ကျွန်းလေးတောင် သုံးလူ့ထွဋ်ခေါင် အောင်စေတီတော်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယဓမ္မပူဇော်ပွဲကို ဧပြီ ၉ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

★ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂)၊စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများနှင့်အတူ နံနက် ၅ နာရီ ၄၅မိနစ်တွင် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပမည့် တော်လှန်ရေးပန်းခြံသို့ ရောက်ရှိလာသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံအတွင်းသို့ ချီတက်ရောက်ရှိလာကြသော စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းတန် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းဝင်း ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်သော် ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင့်ဝေ ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင်နိုင်ထွန်း ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမြင့်ကိုကို ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကံညွန့် ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမောင်မောင်သန်း ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၏ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားကာ နံနက် ၈နာရီတွင် တော်လှန်ရေးပန်းခြံမှ ပြန်လည်ထွက်ခွာသွားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ်ခင်းကျင်းပြသမည့် နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ် ပြခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်သမိုင်းပြတိုက်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ရောက်ရှိကြရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ ပြပွဲခင်းကျင်းပြသရေး ကော်မတီဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသမည့် နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ် ပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဝန်ကြီးဌာနပြခန်းများ၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများ၊ တိုင်းစစ်ဌာနချုပ် ပြခန်းများ၊ တပ်မတော်(လေ) ပြခန်းနှင့် တပ်မတော်(ရေ) ပြခန်းများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

တပ်မတော်ခန်းမ

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမသို့ရောက်ရှိကြရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲ ပြခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားကာ တပ်မတော်ခန်းမမှ နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းများ တော်လှန်ရေးပန်းခြံအတွင်း ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၂၀ ၈။ တံငါတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Happy and Educational English Summer Course MRTV.(Junior Class-I)
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး **စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်**
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၄ခုနှစ်)
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ဓာတုဗေဒ)
- ၅:၁၅ ၆။ တေးဂီတအစီအစဉ်
- ၅:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၆:၀၀ ၉။ ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
- ၆:၁၅ ၁၀။ Discovery.
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ တေးဂီတအစီအစဉ်
- ၇:၂၀ ၁၄။ ကြို့ခိုင်ကျန်းမာ ပြည်မြန်မာ
- ၇:၃၀ ၁၅။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၄၀ ၁၆။ **စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်** "ပြည်သူ့အတွက်တပ်မတော်" "ပြည့်အကျိုးလုပ်ငန်းသယ်ပိုးရန်မှာ တို့ဝန်တာ" (စွမ်းအင်၊ စီးပွားကူးသန်း၊ သမဝါယမ) -ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်တပ်မတော်အစိုးရလက်ထက် -တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် (အထက-၂၊ လသာကျောင်းသူများ၊ လသာရတနာတေးဂီတအဖွဲ့)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း-၁၅)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၁၉ရက်မှ ၂၂ရက်အထိ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့ရှိ မြို့နယ်များနှင့် ကျေးရွာများသို့ သွားရောက်၍ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြန်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

စုပေါင်းဆောင်ရွက်

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၁၉ရက် နံနက် ၉နာရီတွင် စစ်ကိုင်းတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နွေရာသီ လူငယ်အကျိုးပြု သင်တန်းများ ဖွင့်လှစ်ရေးကို တက်ညီလက်ညီ ထိရောက်အောင်မြင်အောင် စုပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ခရိုင်နှင့် မြို့နယ် သုံးခုတို့အတွက် သင်တန်းလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် ငါးသောင်းစီ စုစုပေါင်း ငွေကျပ်နှစ်သိန်းကို ထောက်ပံ့ကူညီသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းတည့် ၁၂နာရီတွင် မုံရွာမြို့ ဆုတောင်းပြည့် မြတ်စွာဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဂေါပကအဖွဲ့ထံသို့ ဘုရားကြီး ဘက်စုံလုပ်ငန်းများအတွက် အလှူငွေကျပ်နှစ်သောင်းကို ပေးအပ်လှူဒါန်းကာ ဘုရားကြီး ဘက်စုံမွမ်းမံပြုပြင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်းသည်။ ထို့အတူ မြသလ္လာဈေးသူ၊ဈေးသားများကလည်း ဘုရားကြီး ဘက်စုံလုပ်ငန်းများအတွက် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို လာရောက်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည် မွန်းလွဲ ၁နာရီခွဲတွင် မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ်နှင့် ဆားလင်းမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နွေရာသီ လူငယ်အကျိုးပြု သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးမှာကြားပြီး တိုင်း၊ ခရိုင်၊ မြို့နယ်များ၌ သင်တန်းများအတွက် အသုံးပြုရန် ငွေကျပ် လေးသိန်းငါးသောင်းတို့ကို ထောက်ပံ့ကူညီသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နွေရာသီတွင် အားလပ်နေသော လူငယ်များအတွက် ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ အပ်ချုပ်နှင့် ဇာထိုးပန်းထိုးသင်တန်း၊ ဝါးအသုံးပြု လက်မှုသင်တန်း၊ ဂီတသင်တန်း၊ ပန်းချီသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် အားကစားသင်တန်းများကို မြို့နယ်အလိုက် ကျေးရွာအလိုက် ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။

လျှောက်ထား

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂နာရီခွဲတွင် ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာသို့ ရောက်ရှိ၍ အောင်ဗောဓိကျောင်းဆရာတော် ဦးပညာဇောတအား ဖူးမြော်ကန်တော့ပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဝန်ကြီးသည် ကျောင်းဓမ္မာရုံခန်းမ၌ ကျောက်မှော်ကျေးရွာအုပ်စု ကျေးရွာပေါင်း ရှစ်ရွာမှ ပြည်သူလူထု ၇၀၀ခန့်နှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်း တည်ဆောက်မှုများကြောင့် စစ်ကိုင်းတိုင်းနှင့် မုံရွာခရိုင်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် ပြည်သူ

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မတ် ၁၉ ရက်က ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာ ပြည်သူလူထုနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

များ လက်တွေ့အကျိုးခံစားနေရမှုများ၊ တိုင်းပြည်၏ ရည်မှန်းချက်ပန်းတိုင် အောင်မြင်ရေးအတွက် အဆင့်ခုနစ်ဆင့်ဖြင့် ချီတက်ရာတွင် ပြည်သူများက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ရန် ကိစ္စများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကျောက်မှော်ကျေးရွာ စာကြည့်တိုက်အတွက် အလှူငွေကျပ်ငါးသောင်းနှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ပြဋ္ဌာန်းစာအုပ်များ၊ ဂျာနယ်မဂ္ဂဇင်းများကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးအောင်က စာကြည့်တိုက်အတွက် အလှူငွေကျပ်တစ်သောင်း၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးရဲထွန်းက တန်ဖိုးငွေကျပ် တစ်သောင်းငါးထောင်တန်ဖိုးရှိ ဂျာနယ်များ၊ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သန်းဝင်းက စာကြည့်တိုက်အတွက် စာအုပ်များ၊ မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်းမြင့်က စာကြည့်တိုက်အတွက် စာအုပ်များကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၄နာရီခွဲတွင် ယင်းမာပင်မြို့နယ် စုန်းချောင်းကျေးရွာသို့ ရောက်ရှိပြီး ဆရာတော် ဦးသောဘဏအား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထောက်ပံ့

ဆက်လက်၍ ဝန်ကြီးသည် သဒ္ဓမ္မဇောတိက ဓမ္မာရုံတွင် စုန်းချောင်းကျေးရွာအုပ်စု ကျေးရွာပေါင်း ရှစ်ရွာမှ ပြည်သူ ၈၀၀ ခန့်နှင့် တွေ့ဆုံ၍ နိုင်ငံတော်အစိုးရ၏ တည်ဆောက်ပြီး တည်ဆောက်ဆဲ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်မှုများကို ရှင်းလင်းပြောကြားပြီး ကျောင်းသုံးစာအုပ်များနှင့် ဗလာစာအုပ်များ၊ စာကြည့်တိုက်အတွက် ဂျာနယ် မဂ္ဂဇင်းများ၊ ယင်းမာပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နွေရာသီ လူငယ်အကျိုးပြု သင်တန်းများဖွင့်လှစ်ရာတွင် အသုံးပြုရန်ငွေကျပ်ငါးသောင်းကို ပေးအပ်ထောက်ပံ့သည်။

ထို့နောက် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးအောင်က စာကြည့်တိုက်အတွက် ငွေကျပ်တစ်သောင်း၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးရဲထွန်းက တန်ဖိုးငွေကျပ် ၁၅၀၀၀တန်ဖိုးရှိ ဂျာနယ်များ၊ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်သန်းဝင်းက စာကြည့်တိုက်အတွက် စာအုပ်များနှင့် မုံရွာခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်းမြင့်က စာကြည့်တိုက်အတွက် စာအုပ်များကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီးသည် ည ၈နာရီခွဲတွင် ယင်းမာပင်မြို့ သစ်တောရိပ်သာ၌ ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်နှင့် တာဝန်ရှိသူများအား တွေ့ဆုံပြီး နွေရာသီ လူငယ်အကျိုးပြုသင်တန်းများ ဖွင့်လှစ်ရန် ဆွေးနွေးမှာကြားကာ ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်တည်ဆောက်ရေး လုပ်ငန်းအတွက် ကူညီထောက်ပံ့ငွေ ကျပ် ၁၀သိန်းကို ပေးအပ်သည်။ အဆိုပါ ထန်းပင်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်လုပ်ငန်းသည် ရေတားဆည် တမံ အလျားပေ ၂၀၀ကို သစ်လုံး ၈၀၀ကျော်ဖြင့် တမံပြုလုပ်ပြီး ၁၅ကီလိုဝပ် လျှပ်စစ်စွမ်းအားရရှိမည့် တာဘိုင်စက်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၂၀ရက် နံနက် ၈နာရီတွင် ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသော ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားကာ ပုလဲမြို့ အထက်တန်းကျောင်း၊ ကျောင်းဆောင်သစ်အတွက် ငွေကျပ် ၁၀သိန်း၊ လက်တောင်းကြီးကျေးရွာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်အတွက် ငွေကျပ် ၁၀သိန်း၊ ပုလဲမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ပြုပြင်ရန် ငွေကျပ်နှစ်သိန်း၊ ပုလဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နွေရာသီ လူငယ်အကျိုးပြုသင်တန်းများ ဖွင့်လှစ်ရန် ထောက်ပံ့ငွေ ကျပ်ငါးသောင်း၊ ယင်းမာပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နွေရာသီ သင်တန်းများ ဖွင့်လှစ်ရန် ငွေကျပ်ငါးသောင်း၊ ပုလဲမြို့နယ်ရှိ ကျောင်းများအတွက် ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ၊ ကျေးရွာစာကြည့်တိုက်များအတွက် ဂျာနယ်၊ မဂ္ဂဇင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ပုလဲမြို့နယ် ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပညာ့အလင်း ခေတ်မီစာကြည့်တိုက်ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး ဆောက်လုပ်လျက်ရှိသည့် ပုလဲမြို့ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မှုလုပ်ငန်းကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပုလဲမြို့နယ် မုံကြိုင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာသုံးရေအားလျှပ်စစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပူးပေါင်းပါဝင်

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများတွင် နိုင်ငံတော်အစိုးရ၏ နေ့မနား၊ ညမအိပ် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုအခါ တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်သည့် အဓိကတည်ဆောက်ရေးလုပ်ငန်းများအားလုံးနီးပါး တည်ဆောက်ပြီးနေပြီဖြစ်ကြောင်း၊ ရရှိလာသည့် အကျိုးကျေးဇူးများကိုလည်း ပြည်သူများ ရရှိခံစားနေကြရပြီဖြစ်ကြောင်း၊ ၎င်းတည်ဆောက်ရရှိပြီးသည့် အောင်မြင်မှုများကို အခြေခံပြီး နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို ရှေ့လုပ်ငန်းစဉ် အဆင့်ခုနစ်ဆင့်ဖြင့် စတင်ကြိုးပမ်း တည်ဆောက်လျက်ရှိကြောင်း၊ ထိုလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်သူအားလုံး အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

"အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့"

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ

စုံညီအစည်းအဝေး

ရန်ကုန်မြို့ ၂၈-၂၉.၃.၂၀၀၄

သူတစ်ပါးပြည်တွင်းရေးကို ကမ္ဘာ့ပုလိပ်ကြီးအမေရိကန် စွက်ဖက်နေ ဒေသတွင်း ရေနံကိုထိန်းချုပ်ရန်နှင့် ၎င်းတို့အလိုကျအစိုးရ တင်မြှောက်ရန်ဖြစ်

ပနားမား မတ် ၂၂

အမေရိကန်များက အီရတ်နိုင်ငံတွင် ဝင်ရောက်စွက်ဖက်နေခြင်းမှာ ထိုဒေသတွင် ရှိနေသော ရေနံများကို ထိန်းချုပ်ရန်ဟူသော ရည်ရွယ်ချက်ကြောင့်ပင်ဖြစ်သည်ဟု ပနားမားနိုင်ငံသား အုပ်စုတစ်စုက ပြောကြားလိုက်ပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ အီရတ်မှချက်ချင်း ရုပ်သိမ်းပေးရန် တောင်းဆိုလိုက်ကြသည်။

အထက်ပါတောင်းဆိုချက်ကို ထုတ်ပြန်လိုက်သောအဖွဲ့မှာ ပနားမားငြိမ်းချမ်းရေးကော်မတီဟု အမည်ရသော အဖွဲ့အစည်းဖြစ်သည်။ ထုတ်ပြန်ချက်ကို သောကြာနေ့က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အီရတ်စစ်ပွဲကိုဆင်နွှဲရာ၌ အမေရိကန်သမ္မတဘုရှ်၏ အကြောင်းပြချက်တွင် ဖော်ပြပါရှိသော လူအများကို အစုအပြုံလိုက်သေစေသော ဖျက်အားပြင်းလက်နက်များ အီရတ်၌ရှိနေကြောင်း သက်သေမပြနိုင်ဘဲဖြစ်နေသည်။ အမှန်မှာ အီရတ်ခေါင်းဆောင် ဆက်ဒမ်ကိုရာထူးမှဖြုတ်ချပြီး အီရတ်ရှိ အမေရိကန်အကျိုးစီးပွားနှင့် ထိုဒေသထွက်ရေနံများကို ထိန်းချုပ်နိုင်ရန် အမေရိကန်အလိုကျ ဆောင်ရွက်ပေးမည့် အစိုးရမျိုး တင်မြှောက်ရန်ပင်ဖြစ်ကြောင်း၊ အဆိုပါအဖွဲ့က ယင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

အမေရိကန်သမ္မတသည် ပြီးခဲ့သောနှစ် မေ ၁ ရက်တွင် အီရတ်စစ်ပွဲပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ထိုအချိန်နောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် မသေဆုံးခဲ့သည့် သီတင်းပတ်ဟူ၍ မရှိခဲ့ကြောင်း ငြိမ်းချမ်းရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။ စစ်ပွဲစတင်ဖြစ်ပွားသည့်အချိန်မှစ၍ ရေတွက်လျှင် အီရတ်စစ်ပွဲတစ်လျှောက်လုံးအတွင်း အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း အသေအပျောက်စာရင်းမှာ ၅၆၈ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ယခုအုပ်စု၏ ဖော်ပြချက်ဖြစ်သော အမေရိကန်တပ်များ အီရတ်မှ ချက်ချင်းရုပ်သိမ်းရေး တောင်းဆိုချက်၌ လူပေါင်းများစွာတို့၏ အသံကိုကိုယ်စားပြုသော တောင်းဆိုချက်သာဖြစ်သည်ဟု ပနားမားငြိမ်းချမ်းရေးအဖွဲ့က ဆိုသည်။

ကမ္ဘာ့ပုလိပ်ကြီးဖြစ်သော အမေရိကန်နိုင်ငံသည် သူတစ်ပါးနိုင်ငံ၏ အရေးကို ဝင်ရောက်စွက်ဖက်သောမူဝါဒကို ဆက်လက်ကျင့်သုံးနေသည်။ ထိုသို့ကျင့်သုံးကာ နိုင်ငံတစ်နိုင်ငံတွင် ကမ္ဘာ့ပုလိပ်ကြီးလိုလားသော ခေါင်းဆောင်များကို တင်မြှောက်နေရာပေးသည်။ ထိုလုပ်ဆောင်မှုမျိုးကို ဟေတီနှင့် ဗင်နီဇွဲလားနိုင်ငံများတွင်ပြုလုပ်ခဲ့ကြောင်း သာဓကအဖြစ် ဖော်ပြထားသည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ကမ္ဘာ့ပုလိပ်ကြီးသည် တစ်ပါးနိုင်ငံ ပြည်သူများ၏ ပိုင်ခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို ချိုးဖောက်နေခြင်းပင် ဖြစ်သည်ဟု ငြိမ်းချမ်းရေးအဖွဲ့၏ ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အမေရိကန်၌ စစ်ဆန့်ကျင်ရေး ဆန္ဒပြ

ဝါရှင်တန် မတ် ၂၂

အမေရိကန်နိုင်ငံက ဦးဆောင်ပြီး အီရတ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး တစ်နှစ်နီးပါးအကြာတွင် အမေရိကန်နိုင်ငံအတွင်း စစ်ဆန့်ကျင်ရေးဆန္ဒပြသူများ ပြန်လည်ပေါ်ထွက်လာကာ ဘုရှ်အစိုးရ၏ နိုင်ငံခြားရေးမူဝါဒအပေါ် ပြည်သူများ ယုံကြည်မှုသည်လည်း ကျဆင်းလာကြောင်း လတ်တလော ပြုလုပ်ခဲ့သည့် ဆန္ဒကောက်ခံမှုအရ သိရှိရသည်။

ပြသ

လော့စ်အိန်ဂျလိစ်မြို့ရှိ ဖက်ဒရယ်ရုံးရှေ့၌ စစ်ဖိနပ်ရာနှင့်ချီ၍ ပြသမှုတစ်ခုကို ယမန်နေ့က ပြုလုပ်ခဲ့ရာ အဆိုပါ ဖိနပ်များသည် လွန်ခဲ့သည့်တစ်နှစ်ခန့်က အီရတ်စစ်ပွဲ စတင်ချိန်မှစပြီး သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ကိုယ်စားပြုကြောင်း ဆန္ဒပြသူများက ပြောကြားသည်။

တခြားဖိနပ်ပုံတစ်ပုံမှာ သေဆုံးခဲ့သည့် အီရတ်အရပ်သား ၉၀၀၀ ခန့်ကို ရည်ညွှန်းခြင်းဖြစ်ကြောင်းလည်း ၎င်းတို့က ပြောကြားခဲ့သည်။

မကျေနပ်

အလားတူပင် ဝါရှင်တန်မြို့တော်မှ ပြည်သူများကလည်း ၎င်းတို့ မယုံမကြည်ဖြစ်မှုနှင့် စိတ်ကျေနပ်မှုမရှိခဲ့မှုတို့ကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။

သေဆုံး

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ အီရတ်စစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင် ၆၀၀ နီးပါး သေဆုံးခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

စီစီတီဗွီ။

မတ် ၁၈ ရက်က အမေရိကန်တပ်ဖွဲ့ဝင်များအတွက် ပစ္စည်းများ သယ်ဆောင်လာသည့် ထရပ်ကားသုံးစီးကို တိုက်ခိုက်ရေးသမားများက ပစ်ခတ်ခဲ့သဖြင့် မီးလောင်ကျွမ်းရာ မီးသတ်သမားများ မီးငြိမ်းသတ်နေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်ကိုသိမ်းပိုက်မှု တစ်နှစ်ပြည့်ပြီးကာလ အပေါင်းပါတပ်ဖွဲ့ ဌာနချုပ် တိုက်ခိုက်

ဘဂ္ဂဒက် မတ် ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်များ၏ ဌာနချုပ်အား ရော့ကက်ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်ရာတွင် လူတစ်ဦးထက်မနည်း သေဆုံးသွားပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိသွားကြသည်။ ယင်းမှာ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်သိမ်းပိုက်မှု တစ်နှစ်ပြည့်မြောက်သည့်ကာလတွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုဖြစ်သည်။

ထိမှန်

အီရတ်နိုင်ငံ မြောက်ပိုင်းဒေသတွင် အလားတူတိုက်ခိုက်မှုမျိုး ညတွင်းချင်းဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီးခဲ့သည့်နောက် ရဲအရာရှိတစ်ဦးသေဆုံးကာ အခြားနှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည်။ ယင်းရဲတပ်ဖွဲ့ဝင်များသည် ၎င်းတို့ တာဝန်ထမ်းဆောင်နေသည့် ရဲစခန်းမှထွက်ခွာစဉ် ဗုံးပေါက်ကွဲရာမှ ထိမှန်ခဲ့ခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့တော်ရှိ အစိမ်းရောင်ဒေသတစ်ဝိုက်တွင် ရော့ကက်ဒုံးကျည်များပေါက်ကွဲပြီးနောက် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်များ၏ ဌာနချုပ်ခြံဝင်းအတွင်း အဆောက်အအုံများ ပေါက်ကွဲမှုအားကြောင့် တုန်လှုပ်ပြီး လူများမှာ အကာအကွယ်ရမည့်နေရာသို့ ပြေးလွှားကြသည်။

၁၂၇ မီလီမီတာရော့ကက်ဒုံးကျည်သုံးစင်းပေါက်ကွဲခဲ့ကြောင်း၊ သို့ရာတွင် ယင်းအရေအတွက်ထက် ပိုမိုပစ်ခတ်ဖွယ်ရှိကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရော့ကက်ဒုံးကျည်တစ်စင်းသည် အစောင့်အရှောက် ထူပြောစွာချထားသည့် ခြံဝင်းအနီး မန်ဆာဒေသတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အခြားရော့ကက်ဒုံးကျည်တစ်စင်းမှာ ၎င်းဒေသအနီးတွင် လည်းကောင်း၊ တတိယ ရော့ကက်ဒုံးကျည်သည် အမေရိကန်တပ်ဖွဲ့များ အပန်းဖြေရာနေရာတွင် လည်းကောင်း ကျရောက်ခဲ့ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခြင်းသည် အမှားကြီးတစ်ခုဖြစ်

မက္ကဆီကိုစီးတီး မတ် ၂၀

အမေရိကန် ဦးဆောင်တိုက်ခိုက်သည့် အီရတ်စစ်ပွဲသည် မဟာအမှားကြီးတစ်ခုဖြစ်ပြီး အကြမ်းဖက်တိုက်ခိုက်မှု အန္တရာယ်များကို တိုးမြင့်ဖြစ်ထွန်းစေခဲ့ကြောင်း ဆိုဗီယက်ခေါင်းဆောင်ဟောင်း မစ်ခေးဂေါ်ဘာချက်ဗ်က ပြောကြားလိုက်သည်။

အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခြင်းသည် အမှားကြီးတစ်ခုဖြစ်ပြီး အကြမ်းဖက် တိုက်ခိုက်မှုများ ပိုမိုပေါ်ပေါက်စေကာ ယင်းအန္တရာယ်ဆိုးကြီးအား ကာကွယ်တားဆီးမှု မဟုတ်ကြောင်း ဂေါ်ဘာချက်ဗ်က မက္ကစီကိုစီးတီး တက္ကသိုလ်တစ်ခု၏ ညီလာခံတွင် ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုတွင် အီရတ်စစ်ပွဲပထမအကြိမ်နှစ်ပတ်လည် အခမ်းအနား သောကြာနေ့တွင် ကျင်းပနေပြီဖြစ်သည်။ အီရတ်အား တိုက်ခိုက်ခြင်းသည် အကြမ်းဖက် တိုက်ခိုက်မှုအပေါ် ထိုးစစ်ဆင်နွှဲမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း ဘုရှ်က ပြောကြားခဲ့သည်။

သို့ရာတွင် ယင်းစစ်ပွဲကြောင့် ပြင်းထန်ဆိုးရွားသည့် အကျိုးဆက်များသာပေါ်ပေါက်ခဲ့သည်ဟု ဂေါ်ဘာချက်ဗ်က ဆက်လက်ပြောကြားသည်။

မိမိတို့အနေဖြင့် နေ့စဉ်နေ့တိုင်း အီရတ်နိုင်ငံအား ကျူးကျော်မှုအမှားကြောင့် ပေါ်ပေါက်နေသည့် အကျိုးဆက်များကို တွေ့မြင်နေရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဒီမိုကရေစီအား စစ်အင်အားအသုံးပြု၍ ဆောင်ကြဉ်းခြင်းမပြုနိုင်ကြောင်း၊ ဒီမိုကရေစီအား တင့်ကားများ၊ ဒုံးကျည်များဖြင့် အားကိုး၍ မရရှိနိုင်ကြောင်း၊ ဒီမိုကရေစီဟူသည် အခြားပြည်သူများနှင့် နိုင်ငံတကာဥပဒေတို့အား လေးစားမှုဖြင့် ရရှိအောင် ဆောင်ကြဉ်းနိုင်ကြောင်း ဂေါ်ဘာချက်ဗ်က ပြော ကြားသည်။

အီရတ်စစ်ပွဲကြောင့် အမေရိကန်ပြည်ထောင်စု၏ အပေါင်းပါနိုင်ငံများနှင့် ဆက်ဆံရေးကို ထိခိုက်စေကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ စီးပွားရေး၊ စစ်ရေးနှင့် ဒီမိုကရေစီရေးရာကဏ္ဍများတွင် အင်အားကြီးမှုနှင့် ပတ်သက်၍ မည်သူကမျှ သံသယ မဖြစ်ကြကြောင်း၊ ယင်းကိစ္စကို မိမိတို့ အသိအမှတ်ပြုပါကြောင်း၊ ယင်းကြောင့် ကမ္ဘာ့ခေါင်းဆောင် ဖြစ်နိုင်ကြောင်း၊ သို့ရာတွင် ခေါင်းဆောင်နေရာအား စိုးမိုးခြယ်လှယ်မှုဖြင့် ရနိုင်သည်ဟု မိမိ မယုံကြည်ကြောင်း၊ ခေါင်းဆောင်မှုရယူလိုပါက နိုင်ငံတကာ ဥပဒေနှင့် ပူးပေါင်းဆောင်ရွက်ရေး အလေးထားမှု လမ်းစဉ်မှတစ်ပါး အခြားမရှိကြောင်း၊ အခြားလမ်းစဉ်သည် ကျန်ရှိနေသည့် ကမ္ဘာ့အဝန်းအဝိုင်းအတွက် အန္တရာယ်အဖြစ် သက်ရောက်နိုင်ကြောင်း စသည်ဖြင့် ဂေါ်ဘာချက်ဗ်က ပြောကြားသည်။

အင်တာနက်။

မတ် ၁၉ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် အီရတ်စစ်ပွဲ ဆန့်ကျင်ရေးဆန္ဒပြနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်မှ စပိန်တပ်ဖွဲ့ ရုပ်သိမ်းမည်ဟုဆို

မဒရစ် မတ် ၂၂

အီရတ်နိုင်ငံမှစပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးမှာရှောင်လွှဲ၍မရသလောက်ဖြစ်ကြောင်းဖြင့် စပိန်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံထားရသူ ဟိုဆေးလူးဝစ်ရိုဒရီကွစ်ဇ်ဇာပါတေရိုက တနင်္ဂနွေနေ့ ဆွေးနွေးမေးမြန်းခန်းတွင် ပြောကြားလိုက်သည်။

အီရတ်စစ်ပွဲ နှစ်ပတ်လည်အခါသမယတွင် ကန့်ကွက်ဆန္ဒပြသူများက စပိန်တပ်ဖွဲ့ဝင်များ အီရတ်မှပြန်ခေါ်ရန် တောင်းဆိုပြီး နောက်တစ်ရက်တွင် ဇာပါတေရိုက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ လွန်ခဲ့သည့်ရက်သတ္တပတ်က ရွေးကောက်ပွဲတွင် အာဏာရလက်ယာဗဟိုအစိုးရအား ၎င်း၏ဆိုရှယ်လစ်ပါတီက အနိုင်ယူလိုက်သည်။

ယခုနှစ်လယ်တွင် အီရတ်၌ကုလသမဂ္ဂက အဓိကအခန်းမှ ပါဝင်ဆောင်ရွက်ခြင်းမပြုသမျှ အီရတ်ရှိ စပိန်တပ်ဖွဲ့ဝင် ၁၃၀၀တို့ကို ရုပ်သိမ်းမည်ဟူသော ရွေးကောက်ပွဲအကြိုကတိကဝတ်အတိုင်းဆောင်ရွက်ရန် ဇာပါတေရိုက သန္နိဋ္ဌာန်ချမှတ်ထားသည်ဆို၏။ စပိန်နိုင်ငံတစ်ဝန်း၌ စနေနေ့က အီရတ်စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲများက မဲဆန္ဒရှင်များ၏ မျှော်လင့်ချက်များ မြင့်မားနေကြောင်းကို ဇာပါတေရိုအား ထပ်မံသတိပေးလိုက်ခြင်းဖြစ်သည်။

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

အီရတ်စစ်ပွဲ နှစ်ပတ်လည်နေ့တွင် အမေရိကန်၏ ကျူးကျော်မှုကို ကမ္ဘာအနှံ့ ကန့်ကွက်

အီရတ်နိုင်ငံတွင် အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များရှိသည်ဟု အမေရိကန်နိုင်ငံက စွပ်စွဲကာ ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်တွင် စတင်ကျူးကျော် တိုက်ခိုက်ခဲ့သည်။ ယခုအခါ အီရတ်စစ်ပွဲ တစ်နှစ်ပြည့်မြောက်သည့်ကာလသို့ ရောက်ရှိလာသည့်တိုင်အောင် တားမြစ်ခံထားရသောလက်နက်များ ရှာဖွေမတွေ့ရှိရသေးပေ။ သို့ဖြစ်၍ ကမ္ဘာ့ပြည်သူများက အီရတ်စစ်ပွဲကို မတရားသော ကျူးကျော်စစ်ပွဲအဖြစ်ရှုမြင်ကာ အီရတ်စစ်ပွဲ နှစ်ပတ်လည်နေ့တွင် ကမ္ဘာအနှံ့ ကန့်ကွက်ဆန္ဒပြကြသည်။

အီရတ်စစ်ပွဲ နှစ်ပတ်လည်နေ့ နိုင်ငံအလိုက် ဆန့်ကျင်ဆန္ဒပြကြမှု

နိုင်ငံအမည်	ဆန္ဒပြအင်အား
အမေရိကန်	၁၀၀၀၀၀ ကျော်
ဗြိတိန်	၉၀၀၀၀ ကျော်
ဂျာမနီ	၈၀၀၀၀ ကျော်
စပိန်	၇၅၀၀၀ ကျော်
ရောမ	၂၅၀၀၀၀ ကျော်
ပြင်သစ်	၇၀၀၀၀ ကျော်
တူရကီ	၆၀၀၀ ကျော်
ရုရှား	၉၅၀၀၀ ကျော်
အိန္ဒိယ	၃၀၀၀ ကျော်
ပါကစ္စတန်	၇၀၀၀ ကျော်
အီဂျစ်	၄၀၀၀ ကျော်
အခြား	၂၂၀၀၀၀ ကျော်
စုစုပေါင်း	၁၀၀၀၀၀၀ ကျော်

အီရတ်စစ်ပွဲ တစ်နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့ဖြစ်သော မတ် ၂၀ ရက်က အမေရိကန်ပြည်ထောင်စုရှိ မြို့ကြီးများတွင် ကျူးကျော်စစ်ပွဲကို ကန့်ကွက်သည့်ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။ ဟောလီဝုဒ်တွင် ကျင်းပသော ဆန္ဒပြပွဲ၌ ရုပ်ရှင်လောကမှ အနုပညာရှင်များက စစ်ဆန့်ကျင်ရေး ပိုစတာများကိုကိုင်ဆောင်ကာ ဆန္ဒပြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ မဒီဆင်ရိပ်သာလမ်းမကြီးတစ်လျှောက်တွင် ဆန္ဒပြသမားများက သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်ကို ရှုတ်ချသည့်ပိုစတာများ ကိုင်ဆောင်ပြီး အမေရိကန်ဦးဆောင်သည့်စစ်ပွဲ အဆုံးသတ်ရန် ကြွေးကြော်ဆန္ဒပြကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၂၀ ရက်က ဗြိတိသျှကိုလံဘီယာရှိ ဗန်ကူးဗားမြို့တွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲပြုလုပ်ရာ ရေနံအတွက် သွေးမြေကျမခံပါနှင့်ဟူသော ပိုစတာကို ကိုင်ဆောင်ကာ စုဝေးဆန္ဒပြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်အလံကို ဆန္ဒပြသမားများက မီးရှို့

မတ်၂၀ရက်က မက္ကဆီကိုနိုင်ငံတွင် စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများက အမေရိကန်သံရုံးပြင်ပ၌ အမေရိကန်အလံကို မီးရှို့စဉ်။

(ဓာတ်ပုံ-အင်တာနက်)

မတ် ၂၀ ရက်က အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် ကျင်းပသော စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲ၌ အမေရိကန်နှင့် ဗြိတိသျှ ခေါင်းဆောင်များ၏ ရုပ်ပြောင်မျက်နှာဖုံးများစွပ်ကာ စုဝေးဆန္ဒပြကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်

(၅၉)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းရှိ ဘိန်းခင်းများကို တပ်မတော်နှင့်အတူ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ ဤသို့ ပူးပေါင်းဖျက်ဆီးခဲ့ကြသည်။

တပ်မတော်နှင့်ပြည်သူ လက်တွဲဆောင်ရွက်ခဲ့သည့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ

မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်မှု	၁၉၈၈	၂၀၀၄
ဘိန်းစိုက်ခင်းဖျက်ဆီးမှု	-	ဧက ၁၅၀၀၀၀ ကျော်
ဘိန်းချက်စခန်းဖျက်ဆီးမှု	-	၂၁ ခု
မီးရှို့ဖျက်ဆီးခြင်း	-	၃ ကြိမ်
ဟန့်တားဘိန်းစိုက်ဧက	-	ဧက ၇၂၇၀၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်းရှိ ဘိန်းခင်းများကို တပ်မတော်နှင့်အတူ ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ဤသို့ ပူးပေါင်းဖျက်ဆီးခဲ့ကြသည်။

တပ်မတော်နှင့်ပြည်သူလက်တွဲဆောင်ရွက်ခဲ့သည့် ဘိန်းအစားထိုးလုပ်ငန်းများ

ဘိန်းအစားထိုးဆောင်ရွက်မှု	၁၉၈၈	၂၀၀၄
ဘိန်းအစားထိုးသီးနှံစိုက်ပျိုးဧက	-	၂၄၀၀၀ ကျော်
အပ်နှံဘိန်းမျိုးစေ့	-	၆၂၀၄၇ ပြည်
ဘိန်းအစားထိုးနှစ်ရှည်သီးနှံဧက	-	၂၃၅၇ ဧက
ဘိန်းအစားထိုးရာသီသီးနှံ	-	၆၄၁၀၈ ဧက
ဘိန်းအစားထိုးနှစ်ရှည်သီးနှံ ပျိုးပင်	-	၁၇၂၆၄၆၈ ဧက

ငရဲပန်းစစ်ဆင်ရေးတွင် ဘိန်းခင်းများကို လူအင်အားဖြင့် ဤသို့ဖျက်ဆီးခဲ့ကြသည်။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဘိန်းအထွက်နှုန်း တိုင်းတာခြင်းလုပ်ငန်းများကို ဤသို့ဆောင်ရွက်ခဲ့ကြသည်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

အကြောင်းတိုက်ဆိုင်စွာဖြင့် ပြောစရာရှိသမျှကို ပြောရပါတော့မည်။ ယနေ့ကာလတွင် မြန်မာနိုင်ငံနှင့် မြန်မာအစိုးရအား မူးယစ်ဆေးဝါးထုတ်လုပ်သော နိုင်ငံအဖြစ်လည်းကောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုအားလျစ်လျူရှုအားပြုမှိုခိုနေရသော အစိုးရအဖြစ်လည်းကောင်း၊ အနောက်အုပ်စုနိုင်ငံကြီးအချို့က ပုံဖော်လုပ်ကြံပြီး စွပ်စွဲပုတ်ခတ်လျက်ရှိနေရာ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအစမည်သူကနည်းဟူသော အမေးပုစ္ဆာနှင့်အတူ တပ်မတော်ကမူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်ပြီး မည်သို့ချေမှုန်းတိုက်ဖျက်ပြီး နိုင်ငံနှင့်လူမျိုးအတွက် အသက်စတေး၊ သွေးဖြင့်ရေးခဲ့သည့် သမိုင်းပုံရိပ်များကို အတိတ်မှသည် ယနေ့ကာလအထိ ရှင်းလင်းတင်ပြလိုပါသည်။

မြန်မာနိုင်ငံအား ကျူးကျော်စစ် သုံးကြိမ်တိုင်ကျူးကျော်ပြီး ကျွန်ပြုသိမ်းပိုက်ခဲ့သော ဗြိတိသျှနယ်ချဲ့တို့သည် မြန်မာတိုင်းရင်းသားပြည်သူတို့ကို လူမျိုးရေးအရအစွမ်းအစတုံးစေသော အဆိပ်လက်နက်အဖြစ် ဘိန်းကိုသုံးစွဲရန် ကောက်ကျစ်စဉ်းလဲစွာ ဖန်တီးခဲ့ရာတွင် ဘိန်းစိုက်ပျိုးမှု၊ ဘိန်းထုတ်လုပ်မှု၊ သုံးစွဲမှုများဖြစ်ပေါ်လာရေးအတွက် မြန်မာပြည်မြောက်ပိုင်း ချင်းတွင်းဒေသ၊ ချင်းတောင်တန်းဒေသ၊ကချင်ပြည်နယ်၊ရှမ်းပြည်နယ်များသို့ အာသန်ပြည်နယ်မှ ဘိန်းမျိုးစေ့များ ယူဆောင်လာစေပြီး ဘိန်းကိုစတင်စိုက်ပျိုးစေခဲ့သည်။ ဘိန်းကို တရားဝင်ရောင်းချနိုင်ရန် ဘိန်းစခန်းများအား အခွန်ကောက်ခံ၍ မှတ်ပုံတင်ခွင့်ပြုခဲ့သည်။

ယင်းအပြင် သံလွင်မြစ်အရှေ့ဘက်ကမ်းတွင် ဘိန်းကိုတရားဝင်စိုက်ပျိုးစေခဲ့ပြီး ဗြိတိသျှအစိုးရ ကိုယ်တိုင်ဘိန်းသယ်ယူခြင်း၊ ရောင်းချခြင်းတို့ကို ပြုလုပ်ခဲ့၍ ဘိန်းဆိုင်ပေါင်း ၂၁၆ ဆိုင်ဖွင့်လှစ်ပေးခဲ့သည်။ ဘိန်းရောင်းချမှုကို တရားဝင်ခွင့်ပြုခဲ့သဖြင့် ဝိသမစီးပွားရေးသမားများကလည်း ဘိန်းခန်းပုန်းများကို လျှို့ဝှက်ဖွင့်လှစ်ပြီး ဘိန်းစားသုံးသူများပိုမိုများပြားလာစေခဲ့သည့်အပြင် အခြားမူးယစ်ဆေးဝါးများဖြစ်သော ဆေးခြောက်များကိုလည်း ရောင်းချလာခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာချိန်တွင် မှတ်ပုံတင်ထားသော ဘိန်းရှူစားသုံးသူပေါင်း ၄၈၂၁၁ ဦးရှိခဲ့သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ဘိန်းမျိုးစေ့များအား မီးရှို့ဖျက်ဆီးနေစဉ်။

ဤသည်ကို ဗြိတိသျှအမျိုးသမီး မစ္စစ်ဟတ် (Mrs. Emest Hart)က ဘိန်းပြဿနာနှင့် ပတ်သက်ပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီနယ်များတွင် ဖြစ်ပျက်နေသောအခြေအနေကိုလေ့လာပြီး **ရှခင်းသာယာ ပြည်မြန်မာစာအုပ်တွင် မည်သည့် အစိုးရ မဆို မိမိသိမ်းပိုက်ရာဒေသ၌ မှီတင်းနေထိုင်ကြသော တိုင်းသူပြည်သားတို့အပေါ်တွင် မြင့်မြတ်သော တာဝန်ဝတ္တရားများနှင့်အညီ အုပ်ချုပ်ရမည်ဖြစ်သော်လည်း ဗြိတိသျှအစိုးရသည် ရခိုင်နှင့် တနင်္သာရီနယ်များတွင် အရက်ဆိုင်များ၊ ဘိန်းခန်းများ အနှံ့အပြားဖွင့်လှစ်စေခဲ့သည်။ အမျိုးယုတ်၊ အကျင့်ယုတ်နိုင်ငံခြားသားဘိန်းဘင်းကစော်သမား ပေါင်းစုံတို့သည်လည်း ယင်းနယ်ပယ်ဒေသများသို့ ဥဒဟိုဝင်ရောက်လာပြီး အောက်လမ်းဝါဒများကို အတုမြင် အတတ်သင်သကဲ့သို့ ဖြစ်သည်ဟု ဝေဖန်ရေးသားခဲ့သည်။** ဤသည်မှာ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပြဿနာအစသည် ဗြိတိသျှနယ်ချဲ့အစိုးရက ဖြစ်သည်ဟူ၍ ဆိုရန်မှတစ်ပါး အခြားမရှိပေ။

ယင်းနောက် မြန်မာနိုင်ငံအား ၁၉၅၀ ပြည့်နှစ်မှစ၍ ကျူးကျော်ဝင်ရောက်လာသော ကေအမ်တီနှင့် နိုင်ငံတကာနယ်ချဲ့အုပ်စု သူလျှိုအဖွဲ့တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံအား ကမ္ဘာပေါ်တွင် ဘိန်းအများဆုံး စိုက်ပျိုးထုတ်လုပ်သော နိုင်ငံအဖြစ်သို့ရောက်လာစေရန် ရှမ်းပြည်နယ်အတွင်း ဘိန်းစိုက်ပျိုးမှုကို ၁၀ ဆခန့် တိုးမြှင့်လုပ်ဆောင်ခဲ့ကြသည်။

ဤတွင် တပ်မတော်သည် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ် ရောင်းချဖြန့်ဖြူးမှုသည် မြန်မာပြည်သူများအား လူမျိုးနွယ်တစ်ခုလုံး အညွန့်တုံးစေမည့် အဆိပ်အတောက်အန္တရာယ်ဖြစ်သဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် မိုးဟိန်းစစ်ဆင်ရေး အဆင့် (၁)မှ (၁၂) အထိလည်းကောင်း၊ ငရဲပန်းစစ်ဆင်ရေးအား အဆင့်(၁)မှ (၈) အထိလည်းကောင်း၊ တောင်ရန်ရှင်းစစ်ဆင်ရေးအား အဆင့်(၁)မှ အဆင့်(၄)အထိလည်းကောင်း၊ တောင်ထိပ်ပန်းစစ်ဆင်ရေး ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်မှ ၁၉၇၈ ခုနှစ် ဧပြီလ ၃၀ ရက်အထိလည်းကောင်း၊ အောင်မိုးဟိန်းစစ်ဆင်ရေးအား ၁၉၇၈ ခုနှစ် စက်တင်ဘာလ ၄ ရက်မှ အောက်တိုဘာလ ၁ ရက်နေ့အထိလည်းကောင်း ထိရောက်စွာ ဆင်နွှဲချေမှုန်းခဲ့ပြီး ဖြစ်သည်။

ယင်းနောက် တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူထိန်းသိမ်း စောင့်ရှောက်ခဲ့သော ၁၉၈၈ ခုနှစ်နောက်ပိုင်းကာလတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် နယ်စပ်ဒေသများရှိ ဘိန်းစိုက်ပျိုးခင်းများအား ဖျက်ဆီးခြင်း၊ ဘိန်းသယ်ဆောင်မှုများအား သတင်းဖော်ထုတ်ချေမှုန်းခြင်းနှင့် ဘိန်းချက်စခန်းများအား ရှာဖွေရှင်းလင်းချေမှုန်းခြင်းတို့ကို စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။

ဤသို့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာတွင် ၁၉၉၄ခုနှစ် မေလ ၁၁ရက်မှ ဇွန်လ ၂၄ရက်အထိ တိုက်ပွဲကြီး ၉၁ ကြိမ်ဖြစ်ပွား၍ တပ်မတော်မှအရာရှိ ခုနစ်ဦးအပါအဝင် အကြပ်၊စစ်သည် ၂၈၇ ဦး နိုင်ငံအတွက် အသက်ပေးလှူခဲ့ပြီး အရာရှိ ၃၁ဦး အပါအဝင် အကြပ်၊ စစ်သည် ၉၃၆ ဦး ကိုယ်လက်အင်္ဂါ စွန့်လွှတ်ခဲ့ကြရသည်။ ဘိန်းမှောင်ခို သောင်းကျန်းသူများဘက်မှ ၂၅၂ ဦးကို အသေဖမ်းမိ၍ နှစ်ဦးကို အရှင်ဖမ်းဆီးမိခဲ့သည်။

ဤသို့အားဖြင့် တပ်မတော်က နိုင်ငံတော်ကို လွှဲပြောင်းတာဝန်ယူ ဦးဆောင်ခဲ့သော ၁၉၈၈ခုနှစ် စက်တင်ဘာလမှ ၁၉၉၈ ခုနှစ်အထိ မူးယစ်ဆေးဝါးတားဆီးချေမှုန်းရာတွင် တပ်မတော်သား ၂၅၉ဦး နိုင်ငံအတွက် အသက်ပေးလှူခဲ့ရပြီး ၉၃၇ဦး ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့ရသည်။

မူးယစ်ဆေးဝါး

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ သိမ်းဆည်းရမိ... တောင်သူများအပ်နှံသည့် ဘိန်းမျိုးစေ့များကို ဒုတိယအ... တက်ကြွစွာ ပါဝင်ကြစဉ်။

တပ်မတော်သည် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူခဲ့သည်။ ယင်းနောက် တိုင်းရင်းသားအဖွဲ့အစည်းများ၏ လှုပ်ရှားရာဒေသအလိုက် အထူးဒေသများသတ်မှတ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ပင်လျှင် မူးယစ်ဆေးဝါးပပျောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့ကြောင့်ပင် တပ်မတော်သည် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အထူးဒေသများတွင် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောမှုများပြုလုပ်ပေးခြင်း၊ ဘိန်းစိုက်ပျိုးထုတ်လုပ်ရောင်းချဖြန့်ဖြူးမှု၊ သုံးစွဲမှုများကို တားဆီးပိတ်ပင်ခြင်း၊ ဖမ်းဆီးအရေးယူပြစ်ဒဏ်ပေးခြင်း၊

[...]ား သတင်း
[...]ားအား ရာဖွေ
[...]ရှိန်အဟုန်မြှင့်

[...]ဆီးနှိမ်နင်းရေး
[...]ရွက်ခဲ့ရာတွင်
[...] ၂၄ရက်အထိ
[...]တော်မှအရာရှိ
[...] နိုင်ငံအတွက်
[...]ဝင် အကြပ်၊
[...]ခဲ့ကြရသည်။
[...] ၂၅၂ ဦးကို
[...]သည်။
[...]ကို လွှဲပြောင်း
[...]တင်ဘာလမှ
[...]ချမှုန်းရာတွင်
[...]ပေးလှူခဲ့ရပြီး
[...]။

၁၉၉၇ခုနှစ် ဧပြီလ ၂၂ရက်တွင် ဖွင့်လှစ်ခဲ့သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄) မိုင်းလား ဘိန်းပပျောက်သည့် အထိမ်းအမှတ်ပြတိုက်ကို ခံ့ညားထည်ဝါစွာတွေ့ရစဉ်။

(၁၅)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

[...]ဝါး ဖယ်ရှားတိုက်ဖျက် ပြည်သူ့တွက်

[...]မ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် [...]ကို ဒုတိယအကြိမ် ဖျက်ဆီးသည့် အခမ်းအနားတွင် ဒေသခံပြည်သူများ

[...]သ် စည်းလုံး
[...]ဖြစ် ခံယူပြီး
[...]နှင့် ငြိမ်းချမ်း
[...]ရင်းသားအဖွဲ့
[...]ထူးဒေသများ
[...] ဆောင်ရွက်ပေး
[...]ရွက်ခြင်းသည်
[...] အကောင်

[...]းယစ်ဆေးဝါး
[...]းယစ်ဆေးဝါး
[...]လုပ်ပေးခြင်း၊
[...]သုံးစွဲမှုများကို
[...]ဒဏ်ပေးခြင်း၊

ကေတုနီလာ

ဆီလူးနယ်မြေဟူ၍ အဆင့်သုံးဆင့်ခွဲခြား၍ နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်ကလည်း မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှု ပပျောက်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတကာအကူအညီ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစွမ်းကုန်ဆောင်ရွက်ရန် ရည်မှန်းပြီးဖြစ်သည့်အလျောက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ် စီမံကိန်းကို ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိသည်။

ဤသို့အားဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးမြင့်မားလာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးသည့် အလေ့အထကို တစ်စတစ်စ ချုပ်ငြိမ်းရန်ဟူသော မဟာဗျူဟာနှစ်ရပ်အားချမှတ်ထားပြီး ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးဟူသော နည်းဗျူဟာသုံးရပ်ကို ချမှတ်ခဲ့သည်။

ယင်းမဟာဗျူဟာနှင့် နည်းဗျူဟာတို့ကို အခြေခံပြီး မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို ငါးနှစ်စီမံကိန်းများဖြင့် သုံးပိုင်းခွဲဆောင်ရွက်ရာတွင် ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၀၃-၂၀၀၄ ခုနှစ်အထိကာလအား ပထမငါးနှစ်စီမံကိန်းအဖြစ်လည်းကောင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အထိကာလအား ဒုတိယငါးနှစ် စီမံကိန်းအဖြစ်လည်းကောင်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိကာလအား တတိယငါးနှစ်စီမံကိန်းအဖြစ်လည်းကောင်း သတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပထမငါးနှစ်စီမံကိန်း ကာလအား ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများဖြစ်သော မုန်းကိုး၊ ကုန်းကြမ်း၊ လောက်ကိုင်၊ ကွမ်းလုံ၊ ဟိုပန် (အထူးဒေသ-၂မပါ)၊ မိုင်းရယ်၊ တန့်ယန်း၊ လားရှိုး၊ နမ္မတူ၊ မန်တုံ၊ သိန္နီ၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ မူဆယ်၊ ကြူကုတ်(ပန်ဆိုင်း) ၁၅ မြို့နယ်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသများဖြစ်သော မိုင်းလားဒေသ (ကျိုင်းတုံမြို့နယ်) တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသများဖြစ်သော ကွန်ဟိန်း၊ မိုင်းပန်၊ လင်းခေး၊ ဆီဆိုင်၊ ဖယ်ခုံ၊ မိုင်းကိုင် ခြောက်မြို့နယ်တွင်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အလားတူပင် ဒုတိယငါးနှစ်စီမံကိန်းကာလအ[...] ကချင်ပြည်နယ်မှ ကာမိုင်း၊ ဖိုင်းမော်၊ မိုးမောက်၊ မိုးည[...] လေးမြို့နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဟိုပန် (အ[...] ဒေသ-၂)၊ မန်ပိုင်း၊ မန်ဖန့်၊ နားဖန့်၊ မိုင်းမော၊ ပန်ယ[...] (ပန်ဆန်း)၊ ဝိန်းကောင်(ပန်ဆန်း) ခုနစ်မြို့နယ်တို့[...] လည်းကောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်းမှ မိုင်းယ[...] ကျိုင်းတုံ(မိုင်းလားဒေသမပါ)၊ မိုင်းယောင်း၊ မိုင်းဆ[...] မိုင်းတုံ၊ မိုင်းပျင်း၊ မိုင်းခတ် အပါအဝင် ခုနစ်မြို့နယ်[...] ရှမ်းပြည်နယ်တောင်ပိုင်းမှ ဟိုပုန်း၊ မိုးနဲ၊ ပင်လော[...] သုံးမြို့နယ်တို့တွင်လည်းကောင်း အကောင်အထည်[...] ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနောက် တတိယငါးနှစ်စီမံကိန်အား ရှမ်းပြည်န[...] တောင်ပိုင်းမှ ကျေးသီး၊ မိုင်းရှူး၊ နမ့်စန်၊ညောင်ရွှေ၊လဲ[...] အပါအဝင် ငါးမြို့နယ်နှင့် ကယားပြည်နယ်မှ လွိုင်ကေ[...] ဒီမောဆိုးမြို့နယ်တို့တွင်လည်းကောင်း၊ ချင်းပြည်နယ[...] တွန်းဇံနှင့် ဖလမ်းမြို့နယ်တို့တွင်လည်းကောင်း အကော[...] အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

အထူးသဖြင့် တပ်မတော်သည် မူးယစ်ဆေး[...] ထုတ်လုပ်သုံးစွဲမှု ပပျောက်ရေး ၁၅နှစ်စီမံကိန်းကို အကော[...] အထည်ဖော် ဆောင်ရွက်ရာတွင် ဘိန်းစိုက်ပျိုးထုတ်လု[...] ပပျောက်ရေး၊ မူးယစ်ဆေးဝါး သုံးစွဲမှုပပျောက်ရေး၊ တား[...] နှိမ်နင်းရေး ဒေသခံနယ်မြေလူထုက ပူးပေါင်းပါဝင်[...] အတွက် စည်းရုံးဆောင်ရွက်ရေး၊ နိုင်ငံတကာနှင့် ပူးပေ[...] ဆောင်ရွက်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသ[...]

ချုပ်၍ဆိုပါတော့မည်။ မြန်မာနိုင်ငံနှင့် မြန်မာလူ[...] တို့သည်လည်းကောင်း၊ တပ်မတော်အစိုးရနှင့် တပ်မ[...] သည်လည်းကောင်း၊ မြန်မာ့မြေနှင့် မြန်မာ့လူ့ဘောင်အ[...] အစည်းအတွင်းသို့ "ဘိန်း"ဟူသော မူးယစ်ဆေး[...] အန္တရာယ်ကျရောက်လာခဲ့ခြင်းနှင့်အတူ ယင်းအန္တရာယ်[...] မျက်မှောက်မြန်မာနိုင်ငံ၏ သမိုင်းခေတ်အထိ ခေတ်အဆ[...] ဆက်တွင် ချေမှုန်းတားဆီးလာခဲ့သည်။ မြန်မာတိုင်းရင်းသ[...] ပြည်သူတို့၏ အမျိုးသားရေးရပ်တည်ချက်ကို အခြေ[...] အင်အားအဖြစ်ခံယူပြီး မည်သို့တားဆီးနှိမ်နင်းချေမှ[...] ကာကွယ်ခဲ့သည်ကိုလည်း အထူးပြောဖွယ်ရာမရှိအေ[...] တောက်ပြောင်လင်းလက်သည့် တပ်မတော်၏ အသ[...] ပေးစွန့်လွှတ် စွန့်စားခဲ့ရသော သမိုင်းရေးဖြစ်စဉ်များ[...] ပုံရိပ်ထင်ခဲ့ပြီဖြစ်သည်။ "မူးယစ်ဆေးဝါး ဖယ်ရှားတိုက်ဖ[...] ပြည်သူ့တွက်" ဟူသော ဦးတည်ချက်ဖြင့် တပ်မတော်သ[...] အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အသက်ပေးအပ်[...] မြင့်မြတ်သောခံယူချက်အရ အနာဂတ်ကို ဆက်လက်တ[...] ဆောက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှ[...] တောင်သူများအပ်နှံသည့် ဘိန်းမျိုးစေ့များကို ဒုတိယအကြိမ် ဖျက်ဆီးသည့် အခမ်းအနားတွင်[...] ဒေသခံပြည်သူများ ဤသို့တက်ကြွစွာ ပါဝင်ခဲ့ကြသည်။

မူးယစ်ဆေးဝါးကင်းမဲ့ဇုန်များအဖြစ် ကြေညာနိုင်ရန် ဒေသတွင်း မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တပ်မတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ(၄)ဖြစ်သော မိုင်းလားဒေသသည် မူးယစ်ဆေးဝါးလုံးဝပပျောက်သည့် ဒေသအဖြစ် သတ်မှတ်ကြေညာနိုင်ခဲ့ခြင်းမှာ တပ်မတော်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အောင်မြင်မှုမှတ်တိုင်ပင်ဖြစ်သည်။ မိုင်းလားသည် ကျိုင်းတုံမြို့၏ အရှေ့မြောက်ဘက် ၄၆ မိုင်အကွာတွင်ရှိပြီး လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကာလက ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ)၏ သြဇာလွှမ်းမိုးရာ ရွာကြီးတစ်ရွာဖြစ်ခဲ့သည်။ ၁၉၈၉ ခုနှစ်မှစ၍ တပ်မတော်အစိုးရသည် အထူးဒေသ(၄) အဖြစ်သတ်မှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြင့် ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ လမ်းတံတားများ၊ ဆည်မြောင်းတာတမံများ၊ ရေအားလျှပ်စစ်စက်ရုံများ၊ စာပို့တိုက်၊ မြို့တွင်းအိတ်ချိန်းနှင့် ကြေးနန်းရုံးများ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ၊ စိုက်ပျိုးရေးရုံးနှင့် ရှေ့တန်းစိုက်ပျိုးရေးစခန်းများကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ယနေ့ကာလတွင် မိုင်းလားဒေသသည် ကျေးရွာအဆင့်မှ မြို့ပြအဆင့်သို့ ပြောင်းလဲတိုးတက်လာခဲ့ပြီဖြစ်သည်။ ဟိုတယ်ကြီးများ၊ ခေတ်မီစီးပွားရေး အဆောက်အအုံများဖြင့် ခမ်းနားထည်ဝါသော မြို့ပြအသွင်အဖြစ် မိုင်းလားသည် ပုံရိပ် ဆင်ခဲ့ပြီဖြစ်သည်။ မိုင်းလားဒေသသည် မူးယစ်ဆေးဝါး ကင်းမဲ့ဇုန်အဖြစ် ကြေညာနိုင်သည်အထိ ကြိုးပမ်း ဆောင်ရွက်ခဲ့ရာတွင် ပထမအဆင့်အဖြစ် နမ့်ပန်နယ်မြေ၊ ဒုတိယအဆင့်အဖြစ် မိုင်းမနယ်မြေနှင့် မိုင်းလားနယ်မြေ၊ တတိယအဆင့်အဖြစ်

ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေးကို ဆောင်ရွက်ပေးခြင်း၊ ဘိန်းဖြတ်စခန်းများ တည်ဆောက်ကုသပေးခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဓာတ်သတ္တုလုပ်ငန်းများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ တပ်မတော်၏ မူးယစ်ဆေးဝါး ပပျောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တိုင်းရင်းသားအဖွဲ့အစည်းများကလည်း တက်ကြွစွာ ပူးပေါင်းပါဝင်ပြီး နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ကြသကဲ့သို့ ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ(၄)ဖြစ်သော မိုင်းလားဒေသသည် ၁၉၉၇ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ဒေသတွင်း မူးယစ်ဆေးဝါးပပျောက်သည့် အထိမ်းအမှတ်ပြတိုက်ဖွင့်ပွဲကို ကျင်းပ၍ မူးယစ်ဆေးဝါး ကင်းမဲ့ဇုန်အဖြစ် ကမ္ဘာသိ ကြေညာပြီးဖြစ်သကဲ့သို့ ကိုးကန့်နှင့် "ဝ" တိုင်းရင်းသားများကလည်း အလားတူ

တောတိုက်ဓမ္မရိပ်သာ ဒုလ္လဘ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၃

မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသာရ ဆရာတော်ကြီး ကြီးမှူး၍ မဟာသင်္ကြန် ဒုလ္လဘ အထူးတရားစခန်းကို တန်ခူးလပြည့်ကျော် ၄ရက် (ဧပြီ ၈ရက်)တွင် ဖွင့်လှစ်မည်ဖြစ်ရာ ဒုလ္လဘရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသူများနှင့် တရားအားထုတ်လိုသော ယောဂီများ ဧပြီ ၇ရက် မွန်းလွဲ ၂နာရီအရောက်လာရောက်ကြပါရန် အသိပေးနှိုးဆော်ထားသည်။ (က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေဘိုမြို့ ၂၅တန် ဖွဲနုဆီစက်နှင့် တန် ၅၀ ဆန်စက်ဖွင့်ပွဲ တက်ရောက်အားပေး

ရန်ကုန် မတ် ၂၃

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ရွှေဘိုမြို့ မဟာနန္ဒာကန်တော်အနီး၌ တည်ဆောက်ပြီးစီးသွားသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၏ ၂၅ တန် ဖွဲနုဆီစက်နှင့် တန် ၅၀ ဆန်စက် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါ ဖွဲနုဆီစက်နှင့် ဆန်စက်တို့၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးသည်။



ဖွဲနုဆီစက်နှင့် ဆန်စက်ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အောက်ရှိ ဌာနများမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းမှ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့များ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် စက်ရုံသမိုင်း မော်ကွန်းကျောက်စာတိုင်ကို အဝေးထိန်း စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ ဖွင့်ပွဲအစီအစဉ်များကို ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ရှင်းလင်းတင်ပြရာ၌ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုများနှင့်အညီ အထက်မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးသည့် နေရာဒေသများ၌ ဖွဲနုဆီစက်အသစ်များ တိုးချဲ့တည်ဆောက်ခဲ့ပါကြောင်း။

ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုများပြားပြီး ကုန်ကြမ်းဖွဲနု ရရှိနိုင်မှု သိပ်သည်းသော မန္တလေးတိုင်း ကျောက်ဆည်မြို့၌ တစ်နေ့တန် ၅၀ ကျ ဖွဲနုဆီကြမ်းစက်၊ ၁၀တန်ကျ ဖွဲနုဆီသန့်စက်နှင့် တစ်နေ့ ၂၅တန်ကျ ဆန်စက်နှစ်လုံးတို့ကို မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ၂၀၀၂ ခုနှစ် ဩဂုတ်လတွင် တည်ဆောက်ပြီးစီးခဲ့ပြီး ကြိတ်ခွဲထုတ်လုပ်နေပြီဖြစ်ကြောင်း။

ထပ်မံဖွင့်လှစ်

ယနေ့တွင် ရွှေဘိုမြို့၌ ဖွဲနုဆီစက်နှင့် ဆန်စက်ကို ထပ်မံဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ ဖွဲနုဆီစက် တည်ဆောက်ရာတွင် အိန္ဒိယသမ္မတနိုင်ငံ Veendeep Oiltek Exports ကုမ္ပဏီမှ စက်ပစ္စည်းနှင့် နည်းပညာ အကူအညီ ၅၀ရာခိုင်နှုန်းရယူ၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ ကျွမ်းကျင်သူပညာရှင်များက တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆန်စက်ကို မိမိတို့ တိုင်းရင်းသားကျွမ်းကျင်ပညာရှင်များဖြင့် ပြည်တွင်းမှာပင် ထုတ်လုပ်တပ်ဆင်ခဲ့ခြင်း ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖွဲနုဆီစက်နှင့် ဆန်စက် တည်ဆောက်ပြီးစီးသဖြင့် ဒေသအတွင်း နည်းပညာဆိုင်ရာများနှင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ရရှိလာနိုင်မည်ဖြစ်ကြောင်းနှင့် ရွှေဘိုဒေသတွင် ယခုကဲ့သို့ ခေတ်မီဖွဲနုဆီစက်၊ ဆန်စက်များ တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံ ပြည်သူများကိုယ်စား ရွှေဘိုခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းကိုကိုက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် အိန္ဒိယသမ္မတနိုင်ငံ Veendeep Oiltek Exports မန်နေဂျင်း ဒါရိုက်တာ Mr. P. M. Bhandari အား အမှတ်တရ သစ်သီးခြင်းပေးအပ်ပြီး စီမံကိန်းဝန်ထမ်းများကိုယ်စား ဖွဲနုဆီစက်နှင့် ဆန်စက် တည်ဆောက်ရေးလုပ်ငန်း တာဝန်ခံ ဦးအောင်သွင်ဦးအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံက ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်း ပေးအပ်ပြီး မန်နေဂျင်း ဒါရိုက်တာ Mr. P. M. Bhandari ကလည်း အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲကျင်းပမည့် နေရာ၌ နေရာယူကြပြီး ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က ဖဲကြိုးဖြတ်၍ ဖွဲနုဆီစက်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖွဲနုဆီစက် လည်ပတ်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ *

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း တန် ၅၀ ဆန်စက်အတွင်း ဆန်ကြိတ်ခွဲသန့်စင်မှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့ ဖွဲနုဆီစက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

ဈေးကွက်စီးပွားရေးစနစ်၏ လွတ်လပ်မှုကို စက်မှုလုပ်ငန်းရှင်များက မှန်မှန်ကန်ကန်အသုံးချ လတ်တလောအမြတ်ရရှိရေး ကိုယ်ကျိုးစီးပွားရှေ့တန်းတင်လျှင် ရေရှည်အောင်မြင်မည်မဟုတ်

စိတ်ဓာတ်အခြေခံကောင်း၊ အရည်အချင်းကောင်းများဖြင့် မန္တလေးစက်မှုဇုန် ပို၍ပို၍ တိုးတက်အောင်ကြိုးပမ်း

ရန်ကုန် မတ် ၂၃

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ် ၂၀ရက် နံနက် ၉နာရီတွင် မန္တလေးစက်မှုဇုန်(၂)သို့ရောက်ရှိပြီး စက်မှုဇုန်(၂)၌ လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ရန် လျာထားသည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကနောင်စက်မှုခန်းမ၌ မန္တလေးစက်မှုဇုန် တာဝန်ခံများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ စက်မှုဇုန်(၂)ရွှေလုံဗိုလ်လမ်းရှိ Asia-Myanmar Group ကိုအောင်မိုး စက်မှုလက်မှုလုပ်ငန်းသို့သွားရောက်ပြီး မော်တော်ယာဉ်ကိုယ်ထည် အစိတ်အပိုင်း ထုတ်လုပ်ထားမှုများကို ကြည့်ရှုအားပေးကြသည်။

တန်(၂၅၀)ပုံဖိစက်

ထို့နောက် ဦးအောင်မိုးနှင့်တာဝန်ရှိသူများက တန်(၂၅၀)ပုံဖိစက် ကြိုးပမ်း တည်ဆောက်ထားမှုနှင့် တန်(၂၅၀)ပုံဖိစက် အသုံးပြုနိုင်မှု အခြေအနေများကို လည်းကောင်း၊အခြား စက်ပစ္စည်းကိရိယာများ အသုံးပြု၍ မော်တော်ယာဉ် ကိုယ်ထည်အစိတ်အပိုင်း ထုတ်လုပ်နေမှုများကိုလည်းကောင်း ရှင်းလင်းပြသကြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးစက်မှုဇုန်များမှ စက်မှုလုပ်ငန်းရှင်များ ထုတ်လုပ် နေသော စက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ရွှေလုံဗိုလ်လမ်းရှိ ကိုဖုန်းနှင့်ညီများ၏ ရွှေတြိဂံစက်မှုလက်မှုသို့ သွားရောက်ကြပြီး ပဲအမျိုးမျိုးသန့်စင်စက်၊ စားသောက်ကုန် အခြောက်ခံစက်၊ သံပြားနှင့်သံလုံးကွေးစက် တည်ဆောက်ထားမှုများ၊ ရေအားလျှပ်စစ် ထုတ်လုပ် ရာတွင် အသုံးပြုသည့် တာဘိုင်နှင့် ဆက်စပ်ပစ္စည်းထုတ်လုပ်ထားမှုများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မန္တလေးစက်မှု ဇုန်အတွက် သံရည်ကျိုစက် (Foundry Plant)၊ ခုတ်ဓားနှင့် ဖိစက်စက်ရုံ (Machine Plant) တည်ဆောက်မည့်နေရာကို သွားရောက်ကြည့်ရှုပြီး စက်ရုံ တည်ဆောက်ရန် ပုံစံရေးဆွဲထားမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတို့၏ တင်ပြချက် များအပေါ် လိုအပ်သည်များကို မှာကြားသည်။

ကုန်တင်ယာဉ်တည်ဆောက်မှု

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မန္တလေးစက်မှုဇုန်(၁)သို့ ရောက်ရှိကြပြီး MTO Automobile ထုတ်လုပ်ရေးလုပ်ငန်းက တည်ဆောက် လျက်ရှိသည့် (၁၀)တန်အထက် ကုန်တင်ယာဉ်ကြီးများ တည်ဆောက်ပြီးစီးမှု အခြေအနေကို ရေးဦးစွာ ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ဆက်လက်၍ ကုန်တင်ယာဉ်ကြီးများနှင့် လူစီးဘတ်စ်ကား တည်ဆောက်ရေး သုံးမိုပုံစံများကို ကြည့်ရှုကြသည်။

ထို့နောက် မန္တလေးစက်မှုဇုန်(၁)မော်တော်ယာဉ်ထုတ်လုပ်ရေးကော်မတီက စမ်းသပ်ထုတ်လုပ်ထားသည့်(၄၂)ယောက်စီး လူစီးဘတ်စ်ကားကို ကြည့်ရှုစစ်ဆေး အားပေးကြရာ ဦးသန်းဦးနှင့် တာဝန်ရှိသူများက တောင်ပေါ်–မြေပြန့် ဘက်စုံ အသုံးပြုနိုင်သည့် လူစီးဘတ်စ်ကားအဖြစ် ကြိုးပမ်းတည်ဆောက်ထားမှုများကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေးစက်မှုဇုန်(၁) ပဒုမ္မာလမ်းရှိ ဉာဏ်ယှဉ်နှင့်ညီများ တွင်စက်မှုလက်မှုသို့ သွားရောက်ကြပြီး သဲ–ခဲ–ရေစုပ်ပန့်အမျိုးမျိုး၊ အဲယားကွန်ပရက်ဆာအမျိုးမျိုး ထုတ်လုပ်ထားမှု များကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ထို့နောက် ကနောင်စက်မှုခန်းမ၌ မန္တလေးစက်မှုဇုန် တာဝန်ခံများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ ရေးဦးစွာ မန္တလေးခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်က မန္တလေးစက်မှုဇုန်သို့ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော် အဆင့် အကြီးအကဲများရောက်ရှိစဉ် မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ခဲ့မှုများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ မန္တလေးစက်မှုဇုန်၌ Automation နှင့် Computerized Machine စတင် သုံးစွဲပြီး ထုတ်ကုန်ပစ္စည်းများ အရည်အသွေး မြင့်မားလာစေရန် ကြိုးပမ်းမှု၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ တိုးချဲ့ဖြစ်ပေါ်ရန် အားပေးဆောင်ရွက် လျက်ရှိမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က စက်မှုဇုန်အတွက် လျှပ်စစ်ဓာတ်အားပိုမိုရရှိရေး၊ CMPစနစ်ဖြင့် လည်ပတ်မည့်စက်ရုံများ ဖြစ်ပေါ်ရေး စသည့် စက်မှုဇုန်အဆင့်မြှင့်တင်ရေးကိစ္စများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးမှာကြားရာတွင် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံ အများအပြားကို နိုင်ငံတော်တစ်ဝန်း၌ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့အတူ နိုင်ငံတော်၏ အခြေခံစီးပွားရေးကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း အတိုင်းအတာတစ်ရပ်အထိ ထိရောက် အောင်မြင်စွာ မြှင့်တင်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

တစ်ဖက်မှလည်း စက်မှုဇုန်များ ထူထောင်ပေးပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံတော်အပိုင်းက လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်း မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ထူထောင် နိုင်မှာဖြစ်ကြောင်း။

အားထည့်ကြိုးပမ်း

နိုင်ငံတော်၏ လက်ရှိအမျိုးသားစီးပွားရေး တန်ဖိုးပမာဏ၌ စက်မှုကဏ္ဍ၏ ပါဝင်မှု အချိုးအစားသည် နှစ်စဉ်စီမံကိန်းလျာထားချက်များအတိုင်း ဖွံ့ဖြိုးတိုးတက် လာနေသည်မှာ မှန်သော်လည်း အနှစ်၃၀နှစ်ရှည်စီမံကိန်း မျှော်မှန်းချက်များနှင့် အညီ ကာလတို ငါးနှစ်စီမံကိန်းအလိုက် အမျိုးသားစီးပွားရေးတန်ဖိုးပမာဏ၌ စက်မှုကဏ္ဍ ပါဝင်မှုအချိုးအစား မြင့်မားလာရန် အားထည့်ကြိုးပမ်းရမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၀၄–၂၀၀၅ခုနှစ်မှစ၍ စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် စတင် မြင့်မားလာစေရန် မိမိတို့ တွန်းအားပေးနေခြင်းဖြစ်ကြောင်း။

ယင်းသို့ တွန်းအားပေးဆောင်ရွက်ရာ၌ စက်မှုဇုန်များကို အဆင့်မြှင့်တင် နိုင်ရန်၊ ပန်းပဲဖိုသာသာ အဆင့်မျိုးမဟုတ်ဘဲ ခေတ်မီစက်ကိရိယာများ အသုံးပြု လာနိုင်အောင် မိမိတို့ လက်တွေ့ကျကျ စက်မှုလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေး အဖြေရှာခဲ့ပြီး ဖြစ်ကြောင်း။

အားပေးကူညီနေ

မန္တလေးစက်မှုဇုန်၌ ခေတ်မီသံရည်ကျိုစက်နှင့် ခေတ်မီ Press Machine၊ Cutting Machine၊ Lathe Machine အပါအဝင် စက်ကိရိယာ ပစ္စည်း၁၃မျိုးပါဝင်သည့် စက်ရုံအလုပ်ရုံများ ထူထောင်နိုင်ရန် နိုင်ငံတော်က အားပေးကူညီလျက်ရှိကြောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနကလည်း အနီးကပ် လိုအပ်သည့် နည်းပညာအကူအညီများ ပေးနေကြောင်း၊ နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ညီလက်ညီ ပူးပေါင်း အကောင်အထည်ဖော်သွားရမှာဖြစ်ကြောင်း၊ ပါးစပ်ဖြင့် ဖွံ့ဖြိုးတိုးတက် အောင် လုပ်နေ၍မဖြစ်ကြောင်း။ **စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ☆

✱ စာမျက်နှာ ၁၀ မှ

ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့က ဖဲကြိုးဖြတ်၍ ဆန်စက်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဆန်ကြိတ်ခွဲသန့်စင်မှု အဆင့်ဆင့်ကိုကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် ဖွဲနုဆီစက်မှာ တစ်ရက်လျှင် ဖွဲနု၂၅တန်မှ ဆီကြမ်း ၂ဒသမ၅တန်ရရှိမည့် ဆီစက် ဖြစ်သည်။

တစ်ရက်တန် ၅၀ ကျ

ဆန်စက်မှာ တစ်ရက်လျှင် တန် ၅၀ကျဖြစ်ပြီး ပြည်ပသို့ တင်ပို့နိုင်သည့် တန်းလတ် ၂၅မှတ် ဆန်ကြိတ်ဖွပ်ပေးနိုင်သည့် ဆန်စက်ဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖွဲနုဆီစက်နှင့် ဆန်စက်ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ရွှေဘိုမြို့ ပြည်သူ့ဆေးရုံ၌ တည်ဆောက်ပြီးစီးသွားသည့် သံဃာဆောင် ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

သံဃာဆောင်ဖွင့်ပွဲ

သံဃာဆောင်ဖွင့်ပွဲအခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာများ၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၊ ခရိုင် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြသိန်းနှင့် မြို့မိမြို့ဖ ဦးတိုက်ကြီးမောင်တို့က သံဃာဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် စက်ခလုတ်နှိပ်၍ သံဃာဆောင်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး သံဃာဆောင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ရွှေဘိုမြို့ ပြည်သူ့ဆေးရုံ သံဃာဆောင်ကို ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၁၀၀၊ ရွှေဘိုမြို့နယ်မှ စေတနာရှင်များက လှူဒါန်းငွေကျပ်သိန်း ၈၀ တို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သံဃာဆောင်မှာ တစ်ထပ်အဆောက်အအုံဖြစ်ပြီး ၁၅ခုတင်ဆံ့ အဆောက်အအုံဖြစ်သည်။ (သတင်းစဉ်)

စာအုပ်ဈေးပွဲတော် အထူးနှုန်းဖြင့် ရောင်းချ

ရန်ကုန် မတ် ၂၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း(အထက်) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း (ယခင်ရုံးချုပ်) အဆောက်အအုံ၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

စာအုပ်ဈေးပွဲတော်သို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ရှင် လူပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ ငါးထောင်ကျော် လာရောက်လေ့လာ ဝယ်ယူအားပေးကြရာ ယနေ့တွင် ငွေကျပ် ရှစ်သိန်းဖိုးခန့် ရောင်းချရသည်။

စာအုပ်ဈေးပွဲတော်ကို မတ် ၂၈ရက်အထိ ပိတ်ရက်မရှိ နေ့စဉ်နံနက်၉နာရီမှ ညနေ ၅နာရီအထိ ရှားပါးစာအုပ်များ အပါအဝင် သုတရသ စာအုပ်များကို အထူးလျှော့နှုန်းဖြင့် ဈေးနှုန်းသက်သာစွာ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၃ခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် အကောင်းဆုံး စာမူဆုရရှိသူများကြေညာ

ရန်ကုန် မတ် ၂၃

၂၀၀၃ ခုနှစ် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီမဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆု ရရှိသူများစာရင်းကို သက်ဆိုင်ရာစိစစ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။

မြဝတီရောင်စုံ ဓာတ်ပုံပြိုင်ပွဲတွင် ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)က ဒုတိယဆု၊ ကိုကိုဆန်နီ(သီဂီရွှေရည်)က တတိယဆု အသီးသီးရရှိကြသည်။

၂၀၀၃ခုနှစ်အတွက် မြဝတီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးကာတွန်းဆုကို စိုးစံကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို မြင်းမူမောင်နိုင်မိုး၏ "အနိုင်အရှုံး၏ရသ"က လည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ရဲထွန်း(စစ်ပညာ)၏ "ပုဂံဗုဒ္ဓဘာသာ" ကလည်းကောင်း၊ အကောင်းဆုံး ဝတ္ထုတိုဆုကို ရွှေသဇ္ဇာ၏ "ပညာပေးဇာတ်လမ်း"က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို မောင်ရည်သွေး၏ "ဆဒ္ဒန်ရှင်မကေရီ"က လည်းကောင်း၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးကာတွန်းဆုကို အောင်ချမ်းမြေ့(မင်းဘူး)က လည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို မောင်ဟေမာ၏ "ရိုးတစ်သွယ်နှင့်လယ်တစ်စင်း"က လည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို တင်ထွန်းဦး(ယဉ်ကျေးမှု)၏ "မင်းသားကြီးပုလဲစိန်"ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ဝင်းနွယ်(သစ်တော)၏ "သံယောဇဉ်တစ်မျှင်ကြိုးရယ်ကြောင့်"ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို မုဒိုသုမွန်၏ "ပါးမှာနံ့သာ ခါးမှာပဝါ" က လည်းကောင်း အသီးသီးရရှိကြသည်။

ဆုချီးမြှင့်ပွဲကို မတ် ၂၉ရက်(တနင်္လာနေ့) ညနေ ၆နာရီခွဲတွင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် မော်ဘီ၌ ကျင်းပသွားမည်ဖြစ်သဖြင့် ဆုရရှိသူများ အနေဖြင့် မတ် ၂၈ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီ နောက်ဆုံးထား၍ မြဝတီ စာပေတိုက် ရုံးခွဲ အမှတ် ၁၈၁၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း- ၂၈၂၆၇၄ နှင့် ၆၄၂၂၀၃ တို့သို့ ဆက်သွယ်သတင်းပို့နိုင်သည်။

(သတင်းစဉ်)

☆ စာမျက်နှာ ၁၁ မှ

နိုင်ငံတော်အပိုင်းက ပုဂ္ဂလိကစက်မှုဇုန်များ၏ အရည်အသွေးအဆင့်အတန်းမြင့်မားတိုးတက်လာစေရေးအတွက် ယခုကဲ့သို့ ခေတ်မီစက်ပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုနိုင်အောင် အကူအညီပေးနေသည့်အပြင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာရေး၊ ကုန်ကြမ်းပစ္စည်းများရရှိရေးတို့ကိုလည်း အစွမ်းကုန် ညှိနှိုင်းဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ထို့ပြင် စက်မှုလုပ်ငန်းများအတွက်ရော၊ တိုးတက်မြင့်မားနေသော လူနေမှုစနစ်အတွက်ပါ မရှိမဖြစ်လိုအပ်သည့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက်လည်း လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းများကို ဦးစားပေးတည်ဆောက်လျက်ရှိရာ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၊ မုန်းချောင်းရေအား လျှပ်စစ်စီမံကိန်း၊ တီကျစ်ကျောက်မီးသွေးသုံးလျှပ်စစ်စီမံကိန်းတို့မှာ စောစီးစွာပြီးစီးမည့် စီမံကိန်းများဖြစ်ရာ လျှပ်စစ်ဓာတ်အားများ တိုးတက်ရရှိမှာဖြစ်ကြောင်း။

စက်မှုလုပ်ငန်းရှင်များအပိုင်းကလည်း ဈေးကွက်စီးပွားရေးစနစ်၏ စီးပွားရေးလွတ်လပ်မှုကို မှန်မှန်ကန်ကန် အသုံးချ၍ တစ်ဦးချင်းအရည်အသွေး၊ တစ်ဦးချင်းအားထုတ် ကြိုးပမ်းတီထွင်မှု၊ ရိုးသားမှု၊ သမာဓိရှိမှု၊ လုပ်ငန်းရှင်အချင်းချင်း အပြန်အလှန်နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မိမိတို့၏ စက်မှုလုပ်ငန်းတိုးတက်မြင့်မားအောင် ကြိုးစားသွားကြရန်လိုအပ်ကြောင်း။

လတ်တလောအမြတ်ရရှိရေးအတွက် ကိုယ်ကျိုးစီးပွားရှေ့တန်းတင်လွန်းမှုများ ရှိနေမည်ဆိုလျှင် ရေရှည်တိုးတက်အောင်မြင်မှုရနိုင်မှာမဟုတ်ကြောင်း။

စိတ်ဓာတ်အခြေခံကောင်း၊ အရည်အချင်းကောင်းများဖြင့် မန္တလေးစက်မှုဇုန်၏ တိုးတက်အောင်မြင်နေမှုများကို ပို၍ပို၍ အရှိန်အဟုန်ကောင်းလာအောင် ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းက အမှန်တကယ်လိုအပ်သည်များကို ထက်ထက်သန်သန် ပံ့ပိုးကူညီ၍ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ မန္တလေးစက်မှုဇုန်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များက မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကိုလည်းကောင်း၊ သက်ဆိုင်ရာ ဌာနတာဝန်ခံများက စက်မှုဇုန်အတွက် ကုန်ကြမ်းပစ္စည်း ဖြည့်ဆည်းပေးနိုင်ရေးကိစ္စများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လယ်ယာသုံးစက်ယန္တရားများထုတ်လုပ်ရေး၊ ဘတ်စ်ကားနှင့် ကုန်တင်ကားထုတ်လုပ်ရေး၊ အရေအတွက်ရော၊ အရည်အသွေးပါ တိုးတက်မြင့်မားသည့်ထုတ်လုပ်မှု ဖြစ်စေရေးတို့ကို ထပ်မံမှာကြားပြီး စက်မှုလက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်သားမြို့ဝင်းမြင့် ထရော်လာဂျီ ထုတ်လုပ်ရေးလုပ်ငန်းက တီထွင်ထုတ်လုပ်ထားသည့် "WM မီးသတ်ယာဉ်" ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေးစက်မှုဇုန် (၁)ရှိ Hi-Tech Forest Industries Co., Ltdသို့ ရောက်ရှိကြပြီး ပရိဘောဂအမျိုးမျိုး ထုတ်လုပ်ထားမှုများ၊ သစ်အချောထည်ထုတ် စက်ပစ္စည်းများနှင့် သစ်အချောထည်ထုတ်လုပ်မှုများ၊ ကြမ်းခင်းတုံးအမျိုးမျိုး ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။ (သတင်းစဉ်)

မြန်မာဘော်လီဘောအားကစားတိုးတက်ရေး ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များ ပူဇော်ကန်တော့မည်

ရန်ကုန် မတ် ၂၃

မြန်မာဘော်လီဘော အားကစားတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့ဘော်လီဘောဆိုင်ရာ ပုဂ္ဂိုလ်များကို မြန်မာ့ဘော်လီဘော အားကစားသမားကြီးများက ပူဇော်ကန်တော့ခြင်း အခမ်းအနားအား ဧပြီ ၃ရက် စနေနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံသင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စီစဉ်ထား

မြန်မာဘော်လီဘော အားကစားနယ်ပယ်၌ ဦးဆောင်ပါဝင်ကစားခဲ့ကြသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်၌ တာဝန်ယူဆောင်ရွက်ခဲ့ကြသူများ၊ သက်ကြီးဝါကြီး နည်းပြဆရာများအား ပူဇော်ပွဲကျင်းပပြီး ဘော်လီဘော အားကစား မောင်မယ်ဟောင်းများနှင့် တွေ့ဆုံပွဲတစ်ရပ် ပြုလုပ်ရန်အတွက် စီစဉ်ထားသည်။

လှူဒါန်းနိုင်

ယင်းအခမ်းအနားကျင်းပရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဘော်လီဘော အားကစားသမားဟောင်းများ မည်သူမဆို ဆက်သွယ်နိုင်ကြပြီး လှူဒါန်းလိုသူများ ငွေနှင့်ပစ္စည်း လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

ဆက်သွယ်ရန် ပုဂ္ဂိုလ်များမှာ ဦးတင်လှိုင် ဖုန်း ၀၁-၂၀၁၅၉၂၊ ဦးမြင့်သိန်း ဖုန်း ၀၁-၆၆၇၀၀၁၊ ဦးအုန်းရှိန် ဖုန်း- ၀၉-၅၀၀-၄၈၇၈၊ ဦးကျော်ဝင်း ဖုန်း- ၀၁-၇၂၆၆၄၉၊ ဦးအောင်ခင် ဖုန်း- ၀၁-၅၆၅၁၃၇တို့ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

(၂၀၀၄)ခုနှစ် မတ်လ(၂၄)ရက်

"Every Breath Counts, Stop TB Now!"

"တီဘီရောဂါ ပပျောက်ရေး၊ အသက်ရှူတိုင်း သတိပေး"

■ရက်သတ္တပတ်(၃)ပတ် ကျော်၍ချောင်းဆိုးလျှင် နီးစပ်ရာကျန်းမာရေး ဌာနတွင် စစ်ဆေးပါ။

■တီဘီလူနာများအား အစွမ်းထက်မြက်သောတီဘီဆေးဝါးများဖြင့် အခမဲ့ ကုသပေးနေပါသည်။

■"တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကု"နည်းဖြင့် ကုသလျှင် တီဘီရောဂါ ပျောက်ကင်းပါသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၃-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၀	၆။ မျိုးချစ်တပ်မတော်
၄း၄၀	၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၄း၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** Measure of Disprision and Further of Desprition (စီးပွားရေး၊စီးပွားစီမံ၊အိမ်တွင်းစီးပွား)
၅း၃၀	၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅	၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။ နိုင်ငံတကာသတင်း
၆း၂၀	၁၄။ မိုးလေဝသသတင်း
၆း၂၅	၁၅။ မြန်မာ့ရှုခင်း
၆း၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ရမှုနေပျော်မှာ" (အပိုင်း-၁) ဒါရိုက်တာ-တင်သန်းဦး သရုပ်ဆောင်-ဒွေး၊စုလှိုင်နှင်း**
၈း၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ပြည်သူ့တရားရှင်**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

❒ (၅၉)နှစ်မြောက်မှ

မိုင်းစိတ်–ကောင်ဆိုင်း ရထားလမ်းသစ် ဖွင့်လှစ်ပွဲအခမ်းအနားကို မတ် ၂၀ရက် နံနက် ၉နာရီတွင် မိုင်းစိတ်ဘူတာရှေ့မျက်နှာစာ၌ ကျင်းပရာ ရှမ်းပြည်နယ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားသို့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ အပါအဝင် စုစုပေါင်းအင်အား ၂၀၀၀၀ကျော် တက်ရောက်ကြသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် ရွှေညောင်–နမ့်စန် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ တစ်စိတ်တစ်ဒေသဖြစ်ပြီး၊ လွိုင်လင် ခရိုင်ဘက်အခြမ်းမှာရှိသည့် မိုင်းစိတ်ဘူတာနှင့် ကောင်ဆိုင်းဘူတာတို့ကို ဆက်သွယ်ပေးသော ရထားလမ်း ဖွင့်ပွဲအခမ်းအနားဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"တောင်နှင့်မြို့ ကွာဟမှု ကျဉ်းမြောင်းသွားစေရေး"** လမ်းညွှန်ချက်နှင့်အညီ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သည့်လမ်းကြောင်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် နယ်စပ်ဒေသများ လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်အောင် စီမံချက်များ ချမှတ်ဆောင်ရွက်ကြရန် လမ်းညွှန်မှု များကို ချမှတ်ပေးခဲ့ကြောင်း၊ အဆိုပါ လမ်းညွှန်ချက်များနှင့်အညီ ရွှေညောင်–တောင်ကြီး–နမ့်စန်ရထားလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် မိုင်းစိတ်–ကောင်ဆိုင်း ရထားလမ်းပိုင်းကို ယနေ့ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒေသခံပြည်သူလူထုနှင့် တပ်မတော်သား များ၏ ပူးပေါင်းစွမ်းဆောင်မှုကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းမှာရှိသည့် ရွှေညောင်–တောင်ကြီး–ဖာမွန်–ဘန့်ယဉ်–ဆိုက်ခေါင်ပြင်သာ ရထားလမ်းများကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် နမ့်စန်–မိုင်းစိတ် ရထားလမ်း ၁၉ ဒသမ ၁၉မိုင်ကို ၂၁–၇–၂၀၀၂ရက်တွင်လည်းကောင်း၊ နမ့်စန်–မိုးနဲရထားလမ်း ၃၁မိုင်ကို ၁–၅–၁၉၉၅ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် မိုင်းစိတ်–ကောင်ဆိုင်း ရထားလမ်းသည် အရှည်အားဖြင့် ၁၀ ဒသမ ၂၉မိုင်ရှိကြောင်း။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား မိုင်းစိတ်ကျေးရွာမှ ဦးစိုင်းညွန့်က မိုင်းစိတ်–ကောင်ဆိုင်း ရထားလမ်းပိုင်းသစ် ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော် အား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ရွှေညောင်–နမ့်စန်ရထားလမ်းရှိ မိုင်းစိတ်–ကောင်ဆိုင်းရထားလမ်းပိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက်တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲမဏ္ဍပ် မှဉ်းရှေ့တွင် တိုင်းရင်းသားများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး ဒေသခံ တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင် များ၊ ဒေသခံပြည်သူများသည် အထူးရထားကြီးနှင့်အတူ ရထားလမ်းပိုင်းသစ် တစ်လျှောက် လိုက်ပါစီးနင်းကြသည်။

အဆိုပါ မိုင်းစိတ်–ကောင်ဆိုင်း ရထားလမ်းပိုင်းသစ်သည် အရှည်ခရီးမိုင် ၁၀ဒသမ ၂၉မိုင်ရှိပြီး တံတားကြီးငယ်ပေါင်း ၃၅စင်းဖြင့် ဖွဲ့စည်းတည်ဆောက် ထားသည်။

(၅၉)နှစ်မြောက်တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့်ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်–နမ့်စန် ရထားလမ်းရှိ မိုင်းစိတ်–ကောင်ဆိုင်း ရထားလမ်းပိုင်းသစ်ဖွင့်ပွဲတွင် ဒေသခံ တိုင်းရင်းသားပြည်သူများက ရထားကြီး အား သောင်းသောင်းဖြဖြ ဝမ်းသာပီတိဖြင့် ကြိုဆိုကြစဉ်။

ဓာတ်ပုံ–ရွှေအင်းသားခင်မောင်ဝင်း

ဆက်လက်ပြီး ရွှေညောင်–တောင်ကြီးမှ နမ့်စန်အထိ မီးရထားဖြင့် တစ်ဆက် တည်း သွားလာနိုင်ရေးအတွက် ကျန်ရှိသော ထီရိမှ ပွန်ချောင်းတံတားကို ဖြတ်လျက် ကောင်ဆိုင်းအထိ ရထားလမ်း ၅၂ဒသမ ၄၈မိုင်ကိုလည်း အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နမ့်စန်–မိုင်းစိတ်ကားလမ်းအပိုင်းကိုလည်း မကြာမီကာလအတွင်း ကတ္တရာ လမ်းအဖြစ် တိုးတက်ပြုပြင်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တိုးချဲ့ဖောက်လုပ်နေ

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာတွင် မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ခုနှစ်မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ဒသမ ၃၅ မိုင်သာရှိခဲ့ရာက ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ခဲ့ရာ ယနေ့ကာလအထိ ယနေ့ဖွင့်လှစ်သည့် မိုင်းစိတ်–ကောင်းဆိုင်ရထားလမ်းနှင့် မကြာမီဖွင့်လှစ်မည့် ပြင်သာယာ–ထီရိ ရထားလမ်းအပါအဝင် ရထားလမ်းအရှည် ၁၀၃၅ဒသမ ၆၃မိုင် တိုးချဲ့ဖောက်လုပ် နိုင်ခဲ့ပြီး ယနေ့ ရထားလမ်းအရှည် စုစုပေါင်း ၃၀၁၁ဒသမ ၉၈မိုင်ဖြင့် ပြည်သူ လူထုအကျိုးကို သယ်ပိုးပေးလျက်ရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်၍ ရွှေညောင်– နမ့်စန်ရထားလမ်းသစ်ရှိ ဖောက်လုပ်ရန်ကျန်ရှိသော ထီရိ–ကောင်ဆိုင်းလမ်း ၅၂ဒသမ ၄၈မိုင်ကိုလည်းကောင်း၊ ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထား လမ်းပေါ်ရှိ ရေမျက်နီ–ကျော ၃မိုင်ဖြတ်လမ်း ၂၆မိုင်ကိုလည်းကောင်း၊ အတ်ဖိုစ– သန်လျင်တက္ကသိုလ် ရထားလမ်းသစ် ၃ဒသမ ၃၃မိုင်ကိုလည်းကောင်း၊ ကြီးနီ– ချောက် ရထားလမ်းသစ် ငါးမိုင်ကိုလည်းကောင်း ဆက်လက်ဖောက်လုပ်နေဆဲ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ပြင်သာယာ–ထီရိ

ဆက်လက်၍ ပြင်သာယာ–ထီရိရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ပြင်သာယာဘူတာရှေ့မျက်နှာစာ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အဖွင့်အမှာ စကား ပြောကြားသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဆိုက်ခေါင်ကျေးရွာမှ ဦးခွန် သန်းထူးက ပြင်သာယာ–ထီရိ ရထားလမ်းပိုင်းသစ် ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် တစ်ပြိုင်တည်း ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်းတို့သည် ရွှေညောင်–နမ့်စန်ရထားလမ်းရှိ ပြင်သာယာ–ထီရိ ရထားလမ်း ပိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲမဏ္ဍပ် မှဉ်းရှေ့ တွင် တိုင်းရင်းသားများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး ဒေသခံ တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်း အဖွဲ့များမှ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများသည် အထူးရထားကြီးနှင့်အတူ ရထားလမ်းပိုင်းသစ်တစ်လျှောက် လိုက်ပါစီးနင်းကြသည်။

အဆိုပါ ပြင်သာယာ–ထီရိ ရထားလမ်းပိုင်းအသစ်မှာ အရှည်ခရီးမိုင် ၄ဒသမ ၃၈မိုင်ရှိပြီး တံတားကြီးငယ်ပေါင်း ၁၀ စင်းဖြင့် ဖွဲ့စည်းတည်ဆောက် ထားသည်။

ဆက်လက်၍ ကျန်ရှိနေသေးသော ထီရိမှ ပွန်ချောင်းတံတားကိုဖြတ်လျက် ကောင်ဆိုင်းအထိ ပြီးစီးသွားပါက ရွှေညောင်မှ တောင်ကြီး–နမ့်စန်အထိကို မြန်မာ့မီးရထားဖြင့် တစ်ဆက်စပ်တည်း သွားလာနိုင်တော့မည်ဖြစ်၍ ဒေသခံ ပြည်သူများ၏ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးမှ ပိုမိုတိုးတက်လာတော့ မည်ဖြစ်သည်။

ကျန်ရှိနေသော ထီရိမှ ပွန်ချောင်းတံတားကိုဖြတ်လျက် ကောင်ဆိုင်းအထိ ရထားလမ်း ၅၂ဒသမ ၄၈မိုင်ကိုလည်း သတ်မှတ်ကာလအတွင်း အချိန်မီ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

မတ် ၂၃ရက်က ရှေ့နေချုပ် ဦးအေးမောင်နှင့် ဇနီးတို့ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ် လည်အမျိုးသားနေ့ အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Habib-Ur. Rehmanနှင့် ဇနီးတို့ ကြိုဆို နှုတ်ဆက်စဉ်။

(သတင်းစဉ်)

❀ ကျောဖုံးမှ

ညှော်သည်တော် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင် များအား နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုး သာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ မြန်မာ နိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင် ကျွမ်းနှင့် သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ် များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြ သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံ တော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်းရီ၊ နိုင်ငံတော်ကောင်စီ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာရှုရောင်ရှီ၊ တရုတ်ပိုကုန်/သွင်းကုန်ဘဏ် ဥက္ကဋ္ဌ မစ္စတာယန်ဇီလင်း၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာရောင်ချီ ဝေနှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ လိုက်ပါ လာကြသည်။ (သတင်းစဉ်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက် ခြင်း၊ ချွေးခြောက်ပြီး၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော် အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည့်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ် သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ် လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာများ၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးတတ်ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အသက်ရှောက်ဖြစ်ပါက နီးစပ်ရာ ကျန်းမာရေး ဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။

အလှူငွေပေးအပ်ပွဲအခမ်းအနား ဖိတ်ကြားခြင်း

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် အလှူရှင်များအားဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၂၄–၃–၂၀၀၄(ဗုဒ္ဓဟူးနေ့)
အချိန် – (၁၄း၃၀)နာရီ
နေရာ – စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ရွှေတိဂုံဘုရားလမ်း။

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ၊
ဖုန်း–၀၃၁–၂၅၁၇၈၊ ၀၉၈၀–၃၂၉၆၈။

သင့် ရင် သွေး အမည် လှလှ ပေး မယ် ဆို ရင်

❋ ဖုန်းတချက်သာ ကောက်ဆက်လိုက်ပါ။သင့်ရင်သွေး၏ဘဝ ကံကောင်းတိုးတက်စေမည့် အမည်လှလှများ နှင့် ဟောစာတမ်း၊ ကြိုစတ္တဗာတာများကို ကွန်ပျူတာနှင့် တွက်ပေးပြီး သင့်ထံအရောက်ပို့ပေးနေပါသည်၊

ကွန်ပျူတာဗေဒဆရာမ အမှတ်-၈၊ ၃ -လမ်း၊ သီရိမွန်ပလာဇာ၊ ရန်ကုန်မြို့
Tel : (01) 723102

ရွှေရန်ကုန် ဘုရားဖူးပို့ဆောင်ရေး

❖ ရွှေစက်တော်သီးသန့်နှင့် ရက်ရှည်ခရီးစဉ်များ❖ ချောင်းသာအပန်းဖြေ (၃)ရက်ခရီး
❖ ရွှေစက်တော်-ပလေ ခရီးစဉ်များ (MAR 5,12,19,26/ APR 2)နေ့များထွက်မည်
❖ သကြန် (တောင်ကြီး) (မန္တလေး) (ချောင်းသာ) (ရခိုင်) (မွန်) ခရီးစဉ်များ။

ကြိုတင်လက်မှတ်ရောင်းပြီ
အမှတ်-၃၁၇၊ ပန်းဆိုးတန်းလမ်း(ဂုံးတံတားအနီး)၊ ရန်ကုန်မြို့။ **Ph:375426**

မြသက်ချယ်
TRAVELS & TOURS သကြန်အတွက်ကားမျိုးစုံငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
Ph- ၂၉၃၂၉၄၊ ၂၉၆၉၁၁



Management & Accountancy Training Ltd.
No.165 Shwebontha Street, Pabedan Township
Yangon, Myanmar.

ACCA	CAT	LCCI
1.1,1.2 (CBE)Courses	Introductory & Intermediate Level CBE Courses	Level I, II & III
With E-Learning Course		Commencing date: 28.05.2004

အခြေခံပညာ အဆင့်တန်းအောင်မြင်ပြီးသူတိုင်း CAT နှင့် LCCI Course များသို့ စတင် တက်ရောက် နိုင်ပါသည်။

For September Exam
Commencing date : 25.04.2004

Computerise Accounting & Windows Application Courses
UBS Accounting & Stock Control
Microsoft Office XP & 2003

Hotline: 242431,241713
E.mail : Drtinlatt@mat.com.mm
Enroll Now !

မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးကိုကိုကြီး–စာရင်းစစ်အရာရှိ၊ ဗဟိုဘဏ်၊ ငြိမ်း–ဒေါ်မေခင်ခင်)တို့၏သားထွေး၊ ဦးဇော်မင်း–ဒေါ်မြရည်တို့၏တူသား

မောင်မျိုးမင်းခင် (2nd Year Business Management)
Director (Hepta Digital Art Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ ဦးခင်မောင်–ဒေါ်အုန်းသန်း (ညောင်လေးပင်ပလာဇာ) တို့၏သမီးထွေး

မခင်သန်းစိုး B.Sc Maths, IDCS (NCC, UK)
Director (Hepta Digital Art Co.,Ltd.)

တို့၏ ၂၁–၃–၂၀၀၄ရက် (တနင်္ဂနွေနေ့) Central Hotel တွင် ကျင်းပသော မင်္ဂလာညစာစားပွဲတွင် မင်္ဂလာရွှေဆွဲကြိုးချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ဆန်းဆင့်(စစ်ရာထူးခန့်ချုပ်)နှင့်ဇနီး ဒေါ်ခင်မလေး၊ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော ဗိုလ်ချုပ်ဌေးဦး(ဝန်ကြီး၊ သမဝါယမဝန်ကြီးဌာန) နှင့်ဇနီး ဒေါ်နီနီဝင်း၊ ဗိုလ်မှူးချုပ်ခင်မောင်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)နှင့်ဇနီး၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးကြည်သန်း (ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန)နှင့် ဇနီး ဒေါ်သန်းသန်းအေး၊ မင်္ဂလာအောင်စပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ရဲမှူးချုပ်ဇော်ဝင်း(ဒုတိယရဲချုပ်)နှင့်ဇနီး ဒေါ်နွယ်နီစမ်း၊ ဗိုလ်မှူးကြီးစိန်သန်း (ညွှန်ကြားရေးမှူးချုပ် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန)နှင့်ဇနီး ဒေါ်အေးမြင့်မူ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် မေတ္တာဖြင့် ဆောင်ရွက်ပေးသော ဒေါ်ရင်ရင်လှ(ဦးစီးအရာရှိ၊ မြန်မာ့အသံ)၊ မင်္ဂလာအခါတော်ပေးချီးမြှင့်ပေးသော ဒေါ်တင်တင်မြ(လ/ထညွှန်ကြားရေးမှူး၊ မြန်မာ့အသံ)၊ မင်္ဂလာသတို့သား၊ သတို့သမီးအရံများအဖြစ်ကူညီပေးကြသော မောင်နေမျိုးအောင် (Hepta)၊ မောင်ထွန်းလင်း (Hepta)၊ မဝင်းပပ(MHLG)၊ မလဲ့ရည်ဝင်း (MHLG)၊ မင်္ဂလာပန်းကြဲပေးသော မနှင်းယုယုအောင် (Hepta)၊ မိတ်ကပ်နှင့် အလှဆင်ပေးသော ဦးအုန်းသွင်(ဗိုလ်ချုပ်ဈေး)နှင့်အဖွဲ့၊ မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးမင်းခင်–မခင်သန်းစိုး။

SUZUKI

အထူးအစီအစဉ်

၂၀၀၄ ဗော်လ ၃၁ ရက်ထိသာ
အထူးအရောင်း အစီအစဉ်အတွက်
ဆူဇူကီး ကိုယ်စား လှယ်များနှင့်
အမြန် ဆက်သွယ်ပါ

◆ ဆူဇူကီးဗီဗာမော်တော်ဆိုင်ကယ်သည် ဆူဇူကီးမော်တော်ကော်ပိုရေးရှင်း၏ ဂျပန်နည်းပညာစစ်စစ်နှင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထုတ်လုပ်သည့်မော်တော်ဆိုင်ကယ်ဖြစ်ပါသည်။
◆ နိုင်ငံတော်အစိုးရ၏ တရားဝင်ပံ့ပိုးမှုဖြင့် တရားဝင် မှတ်ပုံတင်နိုင်သည့် တစ်မျိုးတည်းသော မော်တော်ဆိုင်ကယ်ဖြစ်ပါသည်။
◆ ဆူဇူကီးဗီဗာသည် အရည်အသွေးနှင့် စွမ်းအားမြင့်မားပြီး ရေရှည်ကုန်ကျစရိတ်ကိုပိုမိုသက်သာစေပါသည်။
◆ ၁၀၀၀၀ ကီလိုမီတာ (သို့မဟုတ်) တစ်နှစ်အတွက် အရည်အသွေးအာမခံကို စက်ရုံမှတာဝန်ယူပါသည်။
◆ စစ်မှန်သောအပိုပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းမှုအား၊မြန်မာနိုင်ငံအနှံ့ရှိ တရားဝင်ကိုယ်စားလှယ်များမှတစ်ဆင့် စံနစ်တကျပံ့ပိုးပေးလျက်ရှိပါသည်။
◆ တန်ဖိုးမြင့်ကိုယ်ပိုင်စုဆောင်းပစ္စည်းတစ်ခုအဖြစ်အသုံးတည့်နိုင်ပါသည်။
◆ ရန်ကုန်တိုင်းမှအပ မြန်မာနိုင်ငံအနှံ့တွင် တရားဝင်မှတ်ပုံတင်နိုင်၊ သက်တမ်းတိုးနိုင်ပါသည်။

တရားဝင် အရောင်းကိုယ်စားလှယ်လုပ်လိုသူများ စက်ရုံသို့တိုက်ရိုက်ဆက်သွယ်ရန်ဖိတ်ခေါ်အပ်ပါသည်။

အရောင်းကိုယ်စားလှယ် -
SPA မော်တော်ဆိုင်ကယ်လီမိတက်
၅၄၄၊လမ်း၈၀(၃၂–၃၃ကြား)
ချမ်းအေးသာစံရပ်၊မန္တလေးမြို့။
ဖုန်း-(၀၂)၃၉၅၁၃

အရောင်းကိုယ်စားလှယ် -
SPA မော်တော်ဆိုင်ကယ်လီမိတက်
၃၈၀၊ဗိုလ်ချုပ်အောင်ဆန်းလမ်း
FMI ခြောက်ထပ်၊ ရန်ကုန်မြို့။
ဖုန်း-(၀၁)၂၄၀၄၀၀ (လိုင်းခွဲ-၁၃၀၁)

အရောင်းကိုယ်စားလှယ် -
TTT မော်တော်
၁၉၉၊ ရန်ကုန်-မန္တလေးလမ်း
ရွှေခြံ၊ ပဲခူးမြို့။
ဖုန်း-(၀၉)၈၀ ၁၁၅၇၁

စက်ရုံလိပ်စာ -
မိုးကုတ်လမ်း၊ ၂၃ ရပ်ကွက်၊စက်မှုဇုံ(၁)
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- (၀၁)၅၉၁၁၀၄၊ ၅၉၁၁၀၅
ဖက်စ်-(၀၁)၅၉၁၁၀၂

မဟာသကြြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် မတ် ၂၃

၂၀၀၃–၂၀၀၄ခုနှစ် (၄၆)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား Golf Federation နှင့် ပြင်ဦးလွင် Golf Clubတို့ ပူးပေါင်းကျင်းပသော ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ၂ရက်မှ ၁၅ရက်အထိ ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ပါဝင်ပံ့ပိုးလိုသည့် (Sponsor) ကုမ္ပဏီ/ ပုဂ္ဂိုလ်များ၊ ကောင်းမြတ် ကုမ္ပဏီလီမိတက် (KM-Golf Centre) ဖုန်း–၀၁–၂၀၂၀၈၁၊ ၀၁–၂၀၂၀၈၃၊ Han 15/A Kanbawza Street ၀၁–၅၄၂၉၈၉၊ ၀၁–၇၂၃၂၂၁ များသို့ ဆက်သွယ်နိုင်သည်။

ဝင်ရောက် ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက် အားကစားသမားများနှင့် အသင်းများသည် ဧပြီ ၈ ရက်မတိုင်မီ ပြင်ဦးလွင် ဂေါက်ကလပ်ဖုန်း ၀၈၅–၂၂၃၈၂ သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်းသိရသည်။

ပြိုင်ပွဲဝင်များကို ပြင်ဦးလွင် Golf Club ၌ ဧပြီ၁၀ရက်မှ ၁၇ရက်အထိ ကွင်းကြေးအခမဲ့ ကစားခွင့်ပြုမည်ဖြစ်သည်။(က-ပ)

မီးဘေးရှောင် မလောင်ခင်တား

ကွန်ပျူတာနှင့် ခွဲစိတ်လူနာခုတင် လှူဒါန်း

ဘားအံ မတ် ၁၈

စင်ကာပူနိုင်ငံ သာသနရံသီ မြန်မာဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တဝံသက ဘားအံမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းများသို့ ကွန်ပျူတာခုနစ်လုံးနှင့် ပြည်သူ့ဆေးရုံအတွက် ခွဲစိတ်လူနာခုတင်တစ်လုံး လှူဒါန်းပွဲကို မတ် ၁၈ ရက်က ဘားအံမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဦးခွန်စံဟိန်းက ဆရာတော်၏ ထေရုပ္ပတ္တိနှင့် လှူဒါန်းမှုအစုစုတို့ကို ရှင်းလင်းတင်ပြပြီး ဆရာတော်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆရာတော်က သက်ဆိုင်ရာကျောင်းများနှင့် ဆေးရုံသို့ ကွန်ပျူတာနှင့် ခွဲစိတ်လူနာခုတင်တစ်လုံး ပေးအပ်လှူဒါန်းသည်။

(အပေါ်ပုံ) (ခရိုင်ပြန်/ဆက်)

အလှူငွေပေးအပ်လှူဒါန်း

ရေနံချောင်း မတ် ၁၇

ရေနံချောင်းမြို့ ပစ္ဆိမသုမိတ္တ နာရေးကူညီမှုအသင်း အလှူငွေပေးအပ်ပွဲကို မတ် ၁၅ရက် မွန်းလွဲ၁နာရီက လည်ပေါ်သာသနာ့ဗိမာန်၌ကျင်းပရာ အလှူရှင် ဒေါ်သန်းညွန့်နှင့် မောင်၊ ညီမများ (မလှရှင်ဆေးလိပ်ခုံ)မှ အလှူငွေကျပ် တစ်သိန်းနှင့် အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၃၆သိန်းကို ပေးအပ်လှူဒါန်းပြီး အသင်းမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

(၂၀၈)

ရဟန္တာသိမ်တရားစခန်းပွဲ

သန်လျင် မတ် ၂၂

ရန်ကုန်တိုင်း သန်လျင်မြို့နယ် သဲဖြူကျေးရွာ သဒ္ဓမ္မောဒယ ဂိုဏ်းထောက်ကျောင်းတိုက် ရဟန္တာသိမ်တော်ကြီးတွင် ဧပြီ ၈ ရက်မှ ၁၈ ရက်အထိ ၁၀ ရက် တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ဗုဒ္ဓါရသ အရှင်ဣန္ဒာစရိယ (ဗောဓိရိပ်ငြိမ်တောရ)က ညစဉ် ၈ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်ပြီး တရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၇ ရက် ညနေ ၄နာရီအရောက် လာရောက်ကြရမည်ဖြစ်သည်။ **(က-ပ)**

ကြေးမုံ The Mirror

မြို့နယ်သတင်းများ

ကယားပြည်နယ် လွိုင်ကော်မြို့၏ ကျက်သရေဆောင် သမိုင်းဝင် သီရိမင်္ဂလာတောင်တော် (တောင်ကွဲ) စေတီတော်ကြီး၏ (၂၇)ကြိမ်မြောက် တပေါင်းပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၅ ရက် (တပေါင်းလပြည့်နေ့) ညနေ ၃ နာရီက စေတီတော်ရင်ပြင်၌ ကျင်းပရာ မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၅၀ ကျော်တို့မှ သံဃာအပါး ၁၀၀၀ ကျော်နှင့် သီလရှင်အပါး ၂၀၀ တို့ ကြွရောက်တော်မူကြပြီး မြို့ပေါ်ရှိ တပ်ရင်းတပ်ဖွဲ့များနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အသီးသီးမှ ပြည်သူများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။ (၂၈၄)

ကုန်းစု-ဆိတ်ကြီး မြေသားလမ်းဖွင့်

ကန့်ကြီးထောင့် မတ် ၂၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် ကုန်းစု-ဆိတ်ကြီး မြေသားလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ ရက် နံနက် ၉ နာရီက အဆိုပါမုခ်ဦးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစံထူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(အပေါ်ပုံ)

ဆက်သွယ်

အဆိုပါ မြေသားလမ်းသည် အကျယ်ပေ ၃၀၊ အရှည်ပေ ၅၀၀၀ ကျော်ဖြစ်ပြီး ကျေးရွာမှမြို့သို့ ဆက်သွယ်သော လမ်းဖြစ်သည်။

(၄၀၁)

ဓမ္မရက္ခိတ မိုးကုတ်ဝိပဿနာစခန်းပွဲ

မော်လမြိုင် မတ် ၁၈

မော်လမြိုင်မြို့ ဈေးချိုတောင်ပိုင်းရပ်ကွက် ဓမ္မရက္ခိတ မိုးကုတ်ဝိပဿနာရိပ်သာကြီး၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော (၃၁)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲတွင် ရန်ကုန်မြို့ ဒေါပုံ နတ်စင်ကုန်းကျောင်း နယ်လှည့်ဓမ္မကထိကဆရာတော် အရှင်မာနိတ၊ နယ်လှည့်သာသနာပြု မိုးကုတ်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ချင်းတွင်းအရှင်ကလျာဏနှင့် မော်လမြိုင် ဓမ္မဝန်ဆောင် ဆရာဦးအောင်ဝင်းတို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်သည်။

—— လှူဒါန်းနိုင် ——

စခန်းဝင်လိုသူယောဂီများ၊ ဒုလ္လဘဝတ်လိုသူများသည် ဧပြီ ၁၁ ရက် (တနင်္ဂနွေနေ့) ညနေ ၅ နာရီအရောက် လာရောက်ကြရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ရာသက်ပန် ငွေပဒေသာပင်များ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မတ် ၇ ရက်က မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးစိန်လင်းနှင့် ကျေးရွာအုပ်စု မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်အေးတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၄၉၉)

ပေါင်းတည်မြို့နယ်တွင် လက်နှိပ်တုံကင်ရေတွင်းများ တူးဖော်

ပြည် မတ် ၂၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည်ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း အင္ဂ၊ လိပ်ခွဲ၊ ကြာနီကန်၊ ပန်းသင်းပင်၊ ပေါက်မှော်၊ သဖန်းကုန်း၊ ရှားဖောင်၊ ကုက္ကိုကုန်း၊ မှန်တန်း၊ ဇီးကုန်းလေး ကျေးရွာတို့တွင် လက်နှိပ်တုံကင် ရေတွင်းများ တူးဖော်ပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ မကျီးပင်ကျေးရွာအုပ်စု ကုက္ကိုကုန်းကျေးရွာတွင် လက်နှိပ်တုံကင်ရေတွင်း တူးဖော်ပေးခဲ့ရာ အနက်ပေ ၁၆၀၊ ရေထိပ် ပေ၂၀ ဖြစ်ပြီး တစ်နာရီ ရေဂါလန် ၄၅၀ ထွက်ရှိ၍ ပြည်သူများ ရေကောင်းရေသန့်များ သုံးစွဲနိုင်ကြပြီဖြစ်သည်။

အဆိုပါရေတွင်းအား မတ် ၂၀ ရက်က ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်သက်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကြိုင်တို့က ဖွင့်လှစ်ပေးခဲ့သည်။ **(အောက်ပုံ)** **(၄၉၇)**

မူးယစ်အန္တရာယ် ပညာပေးဟောပြော

မော်လိုက် မတ် ၁၅

မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြောပွဲကို မော်လိုက်မြို့ အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။ အခမ်းအနားသို့ မော်လိုက်ခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းညွန့်၊ မော်လိုက်ရဲစခန်း ယာယီစခန်းမှူး ရဲအုပ်ကျော်နု၊ မော်လိုက်မြို့ ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာနီနီ၊ အခြေခံပညာအထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးဟရန်လူရ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြော

မြစ်ကြီးနား မတ် ၁၂

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မတ် ၈ ရက်က မြစ်ကြီးနားမြို့ မြို့မဈေးကြီးများ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် အဖွဲ့ရုံး ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများအား အမှတ်(၁) ဈေးကြီး(ဘီ)ရုံ အပေါ်ထပ်တွင် ပညာပေးဟောပြောပွဲ ကျင်းပသည်။

လက်တွေ့သရုပ်ပြ

အခမ်းအနားတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် ကချင်ပြည်နယ် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်မြင့်တို့က ပညာပေးဟောပြောကြပြီး မီးသတ်ဆေးဘူးသုံးစွဲနည်း လက်တွေ့သရုပ်ပြမှုကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် ဒု-ဦးစီးမှူး (ဈေး)တို့က လက်တွေ့သရုပ်ပြကြသည်။ **(မြို့နယ်စည်ပင်)**

တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို သိပ္ပံလမ်း ကတ္တရာထပ်ပိုးလွှာခင်း

ပန်းတောင်း မတ် ၁၂

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့တွင်းလမ်းများ ကောင်းမွန်စေရန် ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ် မြို့ပြလမ်းဖြစ်သော သိပ္ပံလမ်း အရှည်ပေ ၂၂၇၀၊ အကျယ်၁၂ပေ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဖွင့်ပွဲကို မတ် ၁၂ရက် နံနက် ၈နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်က အမှာစကားပြောကြားပြီး အမှုဆောင်အရာရှိ ဦးအေးဝင်းက သိပ္ပံလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် မြို့နယ်ဥက္ကဋ္ဌတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

(မြို့နယ်ပြန်/ဆက်)

မတ် ၇ ရက်က လှည်းကူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အင်းတိုင်တပ်နယ်၏ ၂၀၀၃-၂၀၀၄ ခုနှစ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်ရွှေညွှန့်က မူလတန်းအဆင့် ကျောင်းသား မောင်မင်းကိုကိုအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်စဉ်။ (က-ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ဒလနှင့်တွံတေးမြို့နယ်များတွင်ကိုယ့်အားကိုယ်ကိုးလမ်းသစ်များဖွင့်လှစ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် ချီးမြှင့်

ရန်ကုန် မတ် ၂၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အောင်မင်္ဂလာလမ်းသွယ်(၉)လမ်းနှင့် သံလွင်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားများကို မတ် ၂၁ရက် နံနက်ပိုင်းတွင် အဆိုပါလမ်းသစ်ရှိ မုခ်ဦးများ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အခမ်းအနားသို့ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့ အောင်မင်္ဂလာရပ်ကွက် အောင်မင်္ဂလာ(၉)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ ကျင်းပရာ ဒလမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က အောင်မင်္ဂလာ (၉)လမ်းအား ကတ္တရာလမ်းသစ်အဖြစ် ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ လမ်းဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းထွန်းနိုင်တို့က အောင်မင်္ဂလာ(၉)လမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကတ္တရာလမ်းသစ်ဖွင့်

ဆက်လက်၍ ဒလမြို့ ဗညားဒလ ရပ်ကွက်နှင့် ဘုရင့်နောင်ရပ်ကွက်ရှိ သံလွင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါလမ်းသစ်မုခ်ဦး ရှေ့၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းတို့က သံလွင်လမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ချောင်းကူးတံတားသစ်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေ၊ ဝန်ကြီးဗိုလ်မှူးကြီး တင်လှိုင်၊ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်း နှင့်အဖွဲ့သည် တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာအုပ်စု၌ ရန်ကုန် တိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဆောင် ရွက်ခဲ့သည့် လက်ပံကုန်းကျေးရွာ ဂဝံ လမ်းသစ်နှင့် ချောင်းကူးကွန်ကရစ် တံတားသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်း စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်က လက်ပံကုန်း ကျေးရွာအဝင်လမ်း ဂဝံလမ်းသစ်နှင့် ချောင်းကူး သံကူကွန်ကရစ် တံတား သစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံများကို ပေးအပ်ရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်တို့က လက်ခံရယူကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ယင်းနောက် လက်ပံကုန်းကျေးရွာ အဝင်လမ်းနှင့် ချောင်းကူးသံကူ ကွန်ကရစ်တံတားသစ်ဖွင့်ပွဲ အခမ်း အနားကို အဆိုပါလမ်းသစ်ထိပ်ရှိ မုခ်ဦး ရှေ့၌ကျင်းပရာ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှု ဆောင်အရာရှိ ဦးမောင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယနေ့ဖွင့်လှစ်သည့် တွံတေးမြို့နယ် လက်ပံကုန်းကျေးရွာအဝင် ဂဝံလမ်း သည် အရှည်ပေ ၁၄၅၀၊ အကျယ် ၁၂ပေ ရှိပြီး သံကူကွန်ကရစ် ချောင်းကူးတံတား မှာ အရှည်ပေ ၁၂၀ နှင့် အကျယ် ၁၀ ပေရှိကြောင်းသိရှိရသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေ၊ ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်း လင်းနှင့်အဖွဲ့သည် တွံတေးမြို့နယ် ကံဘဲ့စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ရုံးသစ် ဖွင့်လှစ်ပွဲနှင့် မူလတန်းကြိုကျောင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်နှင့် မြို့တော် ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ကံဘဲ့စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲရုံးနှင့် မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေ၊ ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်း လင်းတို့က ကံဘဲ့စံပြကျေးရွာ မူလတန်း ကြိုကျောင်းအတွင်း ကလေးများ၏ စွမ်းရည်ပြသမှု အခြေအနေများကို ကြည့်ရှုအားပေးကြပြီး ရင်သွေးငယ်များ အား လက်ဆောင်ပစ္စည်းများ ပေးအပ် ကြသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် ဝန်ကြီးဗိုလ်မှူးကြီး တင်လှိုင်က ကံဘဲ့စံပြကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲရုံး နှင့် မူလတန်းကြိုကျောင်း အဆောက် အအုံသစ်နှင့်ပတ်သက်သည့် စာရွက် စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ကံဘဲ့စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်စိန်လှိုင်က လက်ခံရယူသည်။

ထို့နောက် ကံဘဲ့စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲရုံး မူလတန်းကြိုကျောင်း အဆောက်အအုံသစ်အတွက် အလှူရှင် များက အလှူငွေများ ပေးအပ်လှူဒါန်း ကြရာ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မတည်အလှူငွေကျပ် ၆၃၂၀၀၀ အား ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်က ပေးအပ် လှူဒါန်းရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လက်ခံရယူပြီး ဗိုလ်မှူးကြီးလှမြင့်(လေ) ဇနီးဒေါ်ခင်ခင်အေးမိသားစုက အလှူငွေ ကျပ်လေးသိန်း၊ ကံဘဲ့စံပြကျေးရွာမှ ဒေသခံပြည်သူများက အလှူငွေကျပ် ၃၆၉၉၀၀၊ ဦးမာမက်-ဒေါ်အေးစီ မိသားစုက အလှူငွေကျပ်နှစ်သိန်း၊ ဦးစံရီ-ဒေါ်ကျင်လှိုင် မိသားစုက အလှူငွေ ကျပ် တစ်သိန်းငါးသောင်း၊ ဦးအောင်သန်း-ဒေါ်ခင်ရီ မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်း လင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အထူး စုံစမ်းစစ်ဆေးရေးဌာနတို့က အလှူ ငွေကျပ် တစ်သိန်းစီ အပါအဝင် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ၂၆၃၆၄၀၀ ကို ပေးအပ် လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ မြို့တော် ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ နှင့် တာဝန်ရှိသူများက လက်ခံ ရယူသည်။

ယင်းနောက် ကံဘဲ့စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲ ဥက္ကဋ္ဌ ဒေါ်စိန်လှိုင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ZENITH

CDMA Bauk Unit သည် မူလ Unit နှင့် အသုံးပြုပုံတူညီပြီး အားပြည့်လျှင် လျှပ်စစ်မီးမလိုဘဲ (၂)ရက်ခန့် ဆက်တိုက်အသုံးပြုနိုင်ပါသည်။ အိမ်တိုင်ရာရောက် လိုက်လံတပ်ဆင်ပေးပါမည်။ စက်ပစ္စည်း (၁)နှစ်အာမခံပါသည်။

ရောင်းဈေး ၂၅၀၀၀၀/-

Zenith အခန်း(၂)၊ မြေညီထပ်၊ တိုက်အမှတ်(၈/၁၀)၊ ကျွန်းချောင်း(၃)လမ်း၊ ကမာရွတ်မြို့နယ်။ Ph: 728371

Elite (၅၁)၊ မြေညီထပ်၊ (၃၈)လမ်း၊ ကျောက်တံတား Ph: 242226

Best Seller အမှတ်(6)၊ မြေညီထပ်၊ တော်ဝင်ပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ Ph: 09-80-22544

ခင်တင်အောင်

အမျိုးသမီးအဝတ်ချုပ်သင်တန်း



★ ခေတ်မီ ဝင်တီနည်းဖြင့် သင်လိုပါသလား။
★ လက်မနည်းဖြင့် သင်လိုပါသလား။
★ အလွယ်ဆုံးနည်းဖြင့်ချုပ်တတ်စေရမယ်
★ အမြန်ဆုံးနည်းဖြင့်တတ်စေရမယ်

သင်တန်းချိန် - စနေမှ တနင်္ဂနွေနေ့အထိ (နံနက် ၉း၃၀ နာရီ မှ ၄း၀၀ နာရီထိ)

အမှတ် (၁၁၄)၊ (၃၈) လမ်း၊ (အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၂၄၅၃၆၆

ဓာတ်ပုံကိုမျိုးလွင် (ကျောင်းပိတ်ရက်အထူးစီစဉ်မှုများ)

